

# ၂၀၂၃-၂၀၂၄ ကာလအတွင်း

# စစ်အုပ်စု၏ ဖိနှိပ်မှု ပုံပန်းသဏ္ဍာန်များ

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

# မာတိကာ


*မိတ်ဆက်*

*အဓိကအကြံပြုချက်များ*

*နည်းစနစ်*

*စစ်အုပ်စု၏ဖိနှိပ်မှုပုံပန်းသဏ္ဌာန် များ*

*နောက်ခံအကြောင်း*

*နိုင်ငံတကာအသိအမှတ်ပြုမှု ရှာဖွေရေး*

*ဖိနှိပ်မှုယန္တရားများ*

1. တရားဥပဒေစိုးမိုးရေးနှင့် ကျဉ်းကျို့လာသောအရပ်ဘက်ဆိုင်ရာ နေရာဘောင်များ ၁၆

2. ဖြတ်လေးဖြတ် ၁၉

*လူ့အခွင့်အရေးချိုးဖောက်မှုများ* ၂၂

*သတ်ဖြတ်မှု*

၁။ ဆန္ဒပြနေစဉ်အတွင်းဖြို့ခွင်းသတ်ဖြတ်ခံရမှု ၂၄

၂။ အရှင်လတ်လတ် မီးရှို့သတ်ခံရမှု ၂၅

၃။ ထိန်းသိမ်းခံထားရစဉ်သေဆုံးမှု ၂၆

၄။ ခေါင်းဖြတ်သတ်မှု ၂၈

ဖမ်းဆီးမှု ၂၉

၁။ အဖမ်းခံရစဉ်အတွင်း အကြမ်းဖက်မှု ၃၀

၂။ ပိုင်ဆိုင်မှုများ ချိတ်ပိတ်သိမ်းဆည်းမှု ၃၂

၃။ ညှင်းပန်းနှိပ်စက်မှု ၃၄

လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်မှု ၃၇

ဆက်သွယ်ရေးကန့်သတ်ချုပ်ချယ်မှုများ ၃၈

သံတမန်ရေးရာလှည့်ဖျားမှုများ ၄၀

နိဂုံးချုပ်မှတ်ချက်များ ၄၁




# အတိုကောက်များစာရင်း
# List of Abbreviations

| | |
|---|---|
| **AAPP** | နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း |
| **AA** | ရက္ခိုင်တပ်တော် |
| **ASEAN** | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| **CDM** | အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (စီဒီအမ်) |
| **EAO** | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ |
| **ICC** | နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး |
| **ICJ** | နိုင်ငံတကာ တရားရုံး |
| **IIMM** | မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား |
| **KIO** | ကချင်လွတ်လပ်ရေးအဖွဲ့ |
| **MNDAA** | မြန်မာ့အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် |
| **NLD** | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| **OHCHR** | လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး |
| **TNLA** | တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| **UN** | ကုလသမဂ္ဂအဖွဲ့ကြီး |



# မိတ်ဆက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းချိန်မှ စတင်၍ စစ်အုပ်စုသည် သုံးနှစ်ကျော်ကြာ ပြည်သူများအကြားထိတ်လန့်ခြောက်ခြားမှု လွှမ်းမိုးစေသော အကြမ်းဖက်လှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့ရာ အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများစွာ ဖြစ်ပွားခဲ့သည်။ စစ်တပ်သည် ၎င်း၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပြီးနောက်ပိုင်းတွင် အာဏာစိုးမိုးမှုနှင့် နယ်မြေထိန်းချုပ်မှုကို ခိုင်မာအောင် မတည်ဆောက်နိုင်ခဲ့ဘဲ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေး တောင်းဆိုမှုတို့ကို ကြမ်းတမ်းသော နည်းဗျူဟာများဖြင့် တုံ့ပြန်ခဲ့ခြင်းသည် မြန်မာနိုင်ငံအတွင်း ဆယ်စုနှစ်များစွာကြာ စစ်အုပ်စုက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုနှင့် ဖိနှိပ်မှု သမိုင်းကြောင်းကို ပြန်လည်အောက်မေ့အမှတ်ရစေနိုင်သည်။ ကျွန်ုပ်တို့အဖွဲ့အစည်း၏ စောင့်ကြည့်လေ့လာတွေ့ရှိချက်များအရ တပ်မတော်အမည်ခံ အကြမ်းဖက်စစ်အုပ်စုသည် ပြဋ္ဌာန်းထားသည့် လူ့အခွင့်အရေးစံနှုန်းများကို လျစ်လျူရှုမျက်ကွယ်ပြုပြီး အရပ်သားလူထုကို လူမဆန်စွာ နှိမ့်ချဆက်ဆံခြင်းကို နှစ်ခြိုက်သဘောတွေ့နေကြသည်။

စစ်အာဏာရှင်တို့ ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်မှုများ၏ အတိုင်းအတာနှင့် ကြီးမားကျယ်ပြန့်မှုသည် ၎င်းတို့၏ ကျူးလွန်မှုများကို မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်အတွက် စိန်ခေါ်မှုတရပ်ဖြစ်စေသော်ငြားလည်း ထိုကဲ့သို့သော စိန်ခေါ်မှုတရပ်ဖြစ်သောကြောင့်ပင် ယင်းရက်စက်ကြမ်းကြုတ်မှုများကို မှတ်တမ်းတင်ထားဖို့ ပို၍ လိုအပ်လာလေသည်။ ဤအစီရင်ခံစာတွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်အတွင်း နိုင်ငံတဝှမ်း၌ ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျဖြစ်ပွားလျက်ရှိသော စစ်ဘက်ဆိုင်ရာ ဖိနှိပ်မှု၊ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများကို ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် စစ်ဘက်နည်းစနစ်များနှင့် နည်းပရိယာယ်များကို ဆန်းစစ်သုံးသပ်ရန် ကြိုးပမ်းထားသည်။ ဤနည်းစနစ်များနှင့် နည်းပရိယာယ်များကို စစ်တပ်က သမိုင်းအစဉ်အဆက် မှီခိုအားထား အသုံးပြုခဲ့သော်လည်း ယခု အစီရင်ခံစာ ရေးသားနေသည့်ကာလတွင် ၎င်းတို့၏ ထိန်းချုပ်မှုအောက်မှ တနေ့တခြား ပို၍ လွတ်ကင်းလာသည့်နိုင်ငံကို ပြန်လည်ထိန်းချုပ်နိုင်ရန် အပတ်တကုတ် အပြင်းအထန်ကြိုးပမ်းရာ၌ အဆိုပါ အကြမ်းဖက်မှုပုံပန်းသဏ္ဌာန်များကို ကွဲပြားပြီး ပိုမိုရက်စက်ကြမ်းကြုတ်သော နည်းလမ်းများဖြင့် ပြန်လည်ကျင့်သုံး အသုံးချနေသည်။

ဤအစီရင်ခံစာသည် မြန်မာပြည်သူလူထု၏ စစ်အာဏာရှင်ဆန့်ကျင်ရေး ခရီးရှည်ကြီးအတွင်း ယခုကဲ့သို့ အချက်အချာကျသည့် အချိန်ကာလ၌ ထွက်ပေါ်လာခြင်းဖြစ်ပြီး စစ်အုပ်စုသည်လည်း ထိုဆန့်ကျင်တော်လှန်ရေး ကြိုးပမ်းမှုများကြောင့် သိသိသာသာ အားနည်းသွားခဲ့ပြီဖြစ်သည်။ လွန်ခဲ့သည့် တနှစ်ခွဲကာလအတွင်း လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ ပူးပေါင်းထိုးစစ်များဖြစ်သော ၂၀၂၃ ခုနှစ်အောက်တိုဘာလတွင် စတင်ခဲ့သည့် ၁၀၂၇ စစ်ဆင်ရေးနှင့် ၎င်း၏ နောက်ဆက်တွဲအနေဖြင့် ၂၀၂၄ ခုနှစ်မှစတင်၍ ခုနှစ်လဆက်တိုက် နိုင်ငံတဝှမ်းတွင် ရရှိလာခဲ့သော တိုက်ပွဲအောင်ပွဲတို့ကြောင့် စစ်အစိုးရ၏အင်အားကို တစိတ်တပိုင်းအားဖြင့် လျော့ပါးသွားအောင် အရင်းခံကျကျ ထိုးနှက်လိုက်နိုင်ခြင်းကို တွေ့ရသည်။ တိုင်းရင်းသားအင်အားစုများသည်လည်း ၎င်းတို့လိုလားသည့် တူညီသောဘုံပန်းတိုင်တခုကို အရောက်လှမ်းနိုင်ဖို့ရန် အင်အားအလုံးစုံကို တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လာကြပြီဖြစ်သည်။ ယင်းပန်းတိုင်မှာ စစ်အုပ်စု၏အုပ်စိုးမှုကို အဆုံးသတ်ရေးဖြစ်ပြီး နောက်ဆက်တွဲအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အဆုံးသတ်ရေးနှင့်အတူ ၎င်းတို့ ကျူးလွန်နိုင်ဖွယ်ရှိသည့် စစ်ရာဇဝတ်မှုများနှင့် ၎င်းတို့ ကျူးလွန်ခဲ့ပြီးဖြစ်သကဲ့သို့ ၎င်းတို့ အစဉ်အဆက် ယနေ့ထိတိုင် ကျူးလွန်နေဆဲရှိသော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို အဆုံးသတ်ရေးကို ဖော်ဆောင်ရန်ဖြစ်သည်။

သို့သော်လည်း ဤအစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း ယခုအစီရင်ခံစာ ရေးသားနေသည့်ကာလတွင် တော်လှန်ရေးအင်အားစုတို့၏ ထိုးစစ်အောင်ပွဲများကြောင့် စစ်အုပ်စုဖက်က အရပ်သားလူထုအပေါ် ပြစ်ဒဏ်ခတ်သည့်သဘောဖြင့် ပိုမိုရက်စက်ကြမ်းကြုတ်စွာ ပြန်လည်တုံ့ပြန်ဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရသည်။ အရပ်သားများအပေါ် စစ်အစိုးရ၏ လက်တုံ့ပြန်မှုသည် ယခင်ကထက် ပိုမိုကြုံရာမရ ပြင်းထန်လာပြီး စစ်ဘက်၊ အရပ်ဘက် ပစ်မှတ်ခွဲခြားသတ်မှတ်မှုမရှိဘဲ တိုက်ခိုက်မှုများဖြစ်လာသည်နှင့်အမျှ ၎င်းတို့အနေနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများ၊ ရာဇဝတ်မှုဆိုင်ရာဥပဒေများ၊ လူ့အခွင့်အရေးဥပဒေများကို ပြောင်ပြောင်တင်းတင်း လျစ်လျူရှုမျက်ကွယ်ပြုလာခြင်းသည် ပို၍ သိသာထင်ရှားလာလေသည်။

၂၀၂၁ ခုနှစ်တွင် ၎င်းတို့၏တရားမဝင် အာဏာသိမ်းယူမှုကို ငြိမ်းချမ်းစွာဆန့်ကျင်သည့် ဆန္ဒပြပွဲများကို စစ်အုပ်စုက အကြမ်းဖက်မှု၊ တရားလက်လွတ်သတ်ဖြတ်မှု၊ မတရားဖမ်းဆီးမှုများ၊ ဆန္ဒပြပွဲများတွင် ပါဝင်သူတို့ကို အကြမ်းဖက်သမားများအဖြစ် နာမည်တပ်မှု စသည်တို့ ပြုလုပ်ခြင်းတို့ဖြင့် ပြန်လည်တုံ့ပြန် ကိုင်တွယ်ခဲ့သည်။ ဤကဲ့သို့ သမိုင်းတလျှောက် အကြမ်းဖက်မှုကို အားကိုးအသုံးချသည့် ၎င်းတို့၏ ဉာဉ်နှင့် အလေ့အထအစဉ်အလာသည် နိုင်ငံတကာအသိုင်းအဝိုင်းက ယနေ့ထိတိုင် ပြစ်ဒဏ်ကင်းလွတ်

ခွင့် ပေးခဲ့ခြင်းကြောင့် ယခင်ကထက် ပိုမိုပြင်းထန်ဆိုးရွားလာသည် ဟုယူဆ၍ရနိုင်သည်။ ထို့အပြင် တပ်ပြေးဖြစ်စဉ်များနှင့်တကွ တော်လှန်ရေးအင်အားစုတို့ထံ နယ်မြေဒေသများ လက်လွှတ်ဆုံးရှုံးရမှုတို့ကြောင့် နဂိုအခြေအနေထက် သာလွန်၍ကြံ့ရာမရဖြစ်နေချိန်၌ စစ်အုပ်စုဖက်က ယင်းကဲ့သို့ အကြမ်းဖက်မှုကို အားကိုးအသုံးချခြင်းမှာ ယခုအစီရင်ခံစာ ရေးသားနေသည့် ကာလတွင် ပို၍ ဆိုးရွားလာလေသည်။

၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်ကာလအတွင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) သည် စစ်အုပ်စုက လူ့အဖွဲ့အစည်းတရပ်လုံးရှိ အရပ်သားများအပေါ် သက်ရောက်မှုရှိသော မဟာဗျူဟာတို့နှင့် ယန္တရားတို့မှတဆင့် ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှု အများအပြားကို အစီရင်ခံတင်ပြခဲ့သည်။ ပုဂ္ဂိုလ်တဦးတယောက်ချင်းအဆင့်၌ ဤဖိနှိပ်ခြယ်လှယ်မှုသည် မတရားဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ ပစ္စည်းဥစ္စာများ ချိတ်ပိတ်သိမ်းဆည်းခံရခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ တရားလက်လွတ်သတ်ဖြတ်ခံရခြင်း၊ ခေါင်းဖြတ်သတ်ခံရခြင်း စသည့်ပုံစံများအနေဖြင့် ဖြစ်ပွားနိုင်သည်။ စစ်အုပ်စုသည် အဆိုပါ ဖိနှိပ်မှုများကို ၎င်းတို့၏ 'ဖြတ်လေးဖြတ်' စစ်ဗျူဟာဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ မဝင်ရောက်နိုင်အောင်ပိတ်ဆို့ခြင်း၊ လူသွားလမ်းများဖျက်ဆီးခြင်း၊ အရပ်ဘက် အခြေခံအဆောက်အဦများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အင်တာနက် ဖြတ်တောက်ခြင်းတို့ကို အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားဆောင်ရွက်လျက်ရှိပါသည်။ ထို့နည်းတူ အရပ်သားပြည်သူများသည် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကို ထောက်ခံအားပေးနေသည်ဟု စွပ်စွဲကာ ပြစ်ဒဏ်ခတ်တိုက်ခိုက်မှုများဟု ယူဆ၍ရနိုင်သည့် ရက်စက်ကြမ်းကြုတ်သော လေကြောင်းတိုက်ခိုက်မှု၊ မီးရှို့တိုက်ခိုက်မှု၊ လက်နက်ကြီးအမြောက်ကျည်ဆံများဖြင့် တိုက်ခိုက်မှုတို့ကို လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတကာက တရားဝင်အသိအမှတ်ပြုမှုရှိ၍ အများပြည်သူအတွက် တရားဥပဒေဆိုင်ရာ မျှတမှုရှိသော ပတ်ဝန်းကျင်တခုရှိနေသကဲ့သို့ ဟန်ပြအသွင်ဆောင်ရန် စစ်အစိုးရသည် တရားဥပဒေစိုးမိုးမှုကို ခြယ်လှယ်ထိန်းချုပ်ခြင်းမှတဆင့် ဖိနှိပ်မှုများကိုလည်း လုပ်ဆောင်လျက်ရှိသည်။ စင်စစ်တွင် ထိုပတ်ဝန်းကျင်တခုသည် ၎င်းတို့လွတ်လပ်စွာ လည်ပတ်လှုပ်ရှားနိုင်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများကို အထိန်းအကွပ်မဲ့ ကျူးလွန်နိုင်ဖို့ရန်အတွက်သာ ဖြစ်ပေသည်။ ဥပဒေပုဒ်မများ ပြင်ဆင်ပြဌာန်းခြင်းနှင့် တရားစီရင်ရေးစနစ်ကို အသုံးချ၍ ၎င်းတို့၏အစိုးရသက်တမ်းကို တိုးမြှင့်ခြင်းတို့သည် ထိုအချက်ကို သက်သေပြနေခြင်းပင်ဖြစ်သည်။ ၎င်းတို့၏ တရားမဝင်အုပ်ချုပ်မှုအတွက် နိုင်ငံတကာက တရားဝင်အသိအမှတ်ပြုမှုကို ဖော်ဆောင်ရရှိရန် ကြိုးပမ်းနေစဉ် စစ်အုပ်စုသည် မြန်မာနိုင်ငံကို တည်ငြိမ်မှုဖြင့် အုပ်ချုပ်နိုင်စွမ်းရှိသော တခုတည်းသော အစိုးရအဖွဲ့အစည်းတရပ်အဖြစ် တလျှောက်လုံး ချပြ ပုံဖော်ထားလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း တော်လှန်ရေးအင်အားစုအဖွဲ့များအနေနှင့် ၎င်းတို့နည်း၎င်းတို့ဟန်ဖြင့် ဆက်လက် ဆန့်ကျင်တော်လှန်ကာ ၎င်းတို့ ထိန်းချုပ်ထားသည့် နယ်နိမိတ်များကို ချဲ့ထွင်လာနေသော်လည်း နိုင်ငံတကာအဖွဲ့များနှင့် ဒေသတွင်းအဖွဲ့အစည်းများဖက်က အရေးတယူလှုပ်ရှားဆောင်ရွက်မှု ကင်းမဲ့နေခြင်းမှာ စစ်အုပ်စုကို နိုင်ငံအနှံ့ ပုံပန်းသဏ္ဍာန် မျိုးစုံဖြင့် ဖိနှိပ်မှုများ ဆက်လက်ကျူးလွန်ရန် ခွင့်ပြုထားနေခြင်းဖြစ်သည်။

ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံအချင်းချင်းကြားရှိအစိုးရတို့နှင့် ချိတ်ဆက်လုပ်ကိုင်နေသည့်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာမှ သက်ဆိုင်ရာပါဝင်ပတ်သက်သူများကို စစ်အုပ်စု၏ ရာဇဝတ်မှုများအတွက် တာဝန်ခံမှု ရှိစေရန်၊ နိုင်ငံရေး အကျဉ်းသားအားလုံးကို ချက်ချင်းပြန်လည်လွှတ်ပေးရန်၊ မြန်မာပြည်သူများအတွက် ပံ့ပိုးကူညီမှုပေးကာ တရားမျှတမှုကို ဖော်ဆောင်ပေးရန် အေအေပီပီက ထပ်မံတိုက်တွန်း တောင်းဆိုအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ အေအေပီပီ၏ အကြံပြုချက်များမှာ အောက်ပါအတိုင်းပင်ဖြစ်သည်။

- နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းပြန်လည်လွှတ်ပေးရန်အလို့ငှာ တောင်းဆိုမှုများပြုလုပ်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အေအေပီပီက တိုက်တွန်းတောင်းဆိုအပ်ပါသည်။

- စစ်အုပ်စုသည် လက်ရှိဖြစ်ပွားနေသော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်း၏ ပင်မဇစ်မြစ်တခုအဖြစ် အသိအမှတ်ပြုရန်နှင့် ၎င်းတို့ကို နိုင်ငံတကာက တရားဝင်အသိအမှတ်ပြုရာ ရောက်စေနိုင်သော မည်သည့် အစည်းအဝေးများသို့ ဖိတ်ကြားခြင်း၊ သဝဏ်လွှာများ ပေးပို့ခြင်းတို့ကို မလုပ်ဆောင်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အေအေပီပီက တိုက်တွန်းတောင်းဆိုအပ်ပါသည်။

## အဓိကအကြံပြုချက်များ

- မြန်မာနိုင်ငံရှိ စစ်အုပ်စုထံ ဂျက်လေယာဉ်ဆီ တင်ပို့မှုကို ချက်ချင်းတားမြစ်ချက် ချမှတ်ရန်နှင့် စစ်အုပ်စု၏ ဂျက်လေယာဉ်ဆီ ကုန်စည်စီးဆင်းမှုကွင်းဆက်တွင် ပါဝင်သက်ဆိုင်နေသည့် လူတဦးတယောက်ချင်းစီနှင့် အဖွဲ့အစည်းတခုချင်းစီအား ပစ်မှတ်ထား စီးပွားရေးပိတ်ဆို့ အရေးယူမှုများကို လုပ်ဆောင်ရန် နိုင်ငံတကာမှ သက်ဆိုင်ရာပါဝင်ပတ်သက်သူများကို အေအေပီပီက တိုက်တွန်းတောင်းဆိုအပ်ပါသည်။

- လူအစုလိုက်အပြုံလိုက်အပေါ် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်သူတို့အား စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) သို့ လွှဲပြောင်းပေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို အေအေပီပီက တိုက်တွန်းတောင်းဆိုအပ်ပါသည်။

- အထူးသဖြင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား (IIMM) ကဲ့သို့ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ယန္တရားများအတွက် အရင်းအမြစ်များကို ကူညီပံ့ပိုးပေးရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို အေအေပီပီက တိုက်တွန်းတောင်းဆိုအပ်ပါသည်။

- အနာဂတ်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုအတွက် မရှိမဖြစ်လိုအပ်သော အရေးကြီးသော အချက်အလက်ရှာဖွေခြင်းနှင့် သက်သေအထောက်အထားများ စုဆောင်းခြင်းတို့ကို လုပ်ဆောင်နေသော ဒေသန္တရ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် ရန်ပုံငွေ ရင်းနှီးမြှုပ်နှံရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို အေအေပီပီက တိုက်တွန်း တောင်းဆိုအပ်ပါသည်။

- မြန်မာနိုင်ငံအတွင်း ကျူးလွန်ခဲ့သည့် ဤလူ့အခွင့်အရေးချိုးဖောက်မှုတို့ကြောင့် နစ်နာသူ/အသက်ရှင်ကျန်ရစ်သူများအတွက် ရပ်ရွာလူထုအခြေပြု စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးခြင်းတို့ကို ထောက်ပံ့၍ ရင်းနှီးမြှုပ်နှံရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို အေအေပီပီက တိုက်တွန်းတောင်းဆိုအပ်ပါသည်။

# အဓိကအကြံပြုချက်များ

အေအေပီပီသည် မြန်မာနိုင်ငံမှ နစ်နာသူ/အသက်ရှင်ကျန်ရစ်သူများ၊ မျက်မြင်သက်သေများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရသူတို့၏ မိသားစုများနှင့် တွေ့ဆုံမေးမြန်းမှု (၁၀) တို့မှတဆင့် အေအေပီပီ အသင်းမှ မှတ်တမ်းတင်ထားသော လက်ရှိအစီရင်ခံစာတွင် မြန်မာပြည်သူပြည်သားတို့အပေါ် စစ်အုပ်စုက ကျူးလွန်ခဲ့သော စစ်ဘက်ဆိုင်ရာ ဖိနှိပ်မှုပုံပန်းသဏ္ဌာန်များကို ခွဲခြမ်းစိတ်ဖြာ၍ ရေးသား ပြုစုထားသည်။

အေအေပီပီသည် လူ့အခွင့်အရေးအစီရင်ခံစာ တင်ပြခြင်းနှင့် မှတ်တမ်းပြုစုခြင်းအတွက် အကောင်းဆုံး အလေ့အကျင့် များနှင့်အညီ ရေးဆွဲထားသော၊ နောက်ခံအခြေအနေအရ ထိခိုက်လွယ်သော တွေ့ဆုံမေးမြန်းမှုဆိုင်ရာ လမ်းညွှန်ချက်များကို အခြေခံ၍ လူကိုယ်တိုင်ဖြစ်စေ၊ အင်တာနက်မှဖြစ်စေ အင်တာဗျူးများကို လုပ်ဆောင်ခဲ့သည်။ ကျွန်ုပ်တို့သည် တင်းကြပ်သောလျှို့ဝှက်ထားသိုရေးမူဝါဒကို ကျင့်သုံးကာ တွေ့ဆုံမေးမြန်းခြင်းခံရသူတိုင်း၏ ကိုယ်ရေးကိုယ်တာ ပုဂ္ဂိုလ်ရေးရာအထောက်အထားတို့ကို ချန်လှပ်ထားခြင်းအားဖြင့် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာလုံခြုံရေးကို ဦးစားပေးလုပ်ဆောင်ခဲ့သည်။ တွေ့ဆုံမေးမြန်းသူအဖွဲ့သည် တွေ့ဆုံမေးမြန်းခြင်းလုပ်ငန်းစဉ်တလျှောက် ကျင့်ဝတ်စံနှုန်းများကို လိုက်နာပြီး တွေ့ဆုံမေးမြန်းခြင်းခံရသူများ၏ အခွင့်အရေး၊ ဘေးကင်းရေး၊ ကိုယ်ရေးကိုယ်တာဆိုင်ရာ စံနှုန်းများကို ပထမဦးစားပေး လိုက်နာဆောင်ရွက်ခဲ့သည်။ ယင်းနှင့်စပ်လျဉ်း၍ အေအေပီပီသည် နှစ်ဖက်သဘော တူညီချက်ပုံစံ စာရွက်ကို အသုံးပြုကာ တွေ့ဆုံမေးမြန်းခြင်းခံရသူ တဦးချင်းစီအား တွေ့ဆုံမေးမြန်းမည့် အကြောင်းအရာ၊ ၎င်းတို့ထံမှ ရရှိသည့်အချက်အလက်များကို အသုံးချမည့်နေရာတို့နှင့်အတူ ၎င်းတို့အနေနှင့် လွတ်လပ်စွာ ဆန္ဒရှိသည့်အလျောက် နှစ်ဖက်သဘောတူညီချက်ကို ပေးခွင့် သို့မဟုတ် ရုပ်သိမ်းခွင့် သို့မဟုတ် ငြင်းဆိုခွင့်ကို လုပ်ဆောင်နိုင်ကြောင်းတို့ကို ရှင်းပြပေးခဲ့သည်။ အေအေပီပီသည် စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ကြိုတင်နှစ်ဖက်သဘောတူညီချက်ရရှိပြီးမှသာ တွေ့ဆုံမေးမြန်းမှုတို့ကို ပြုလုပ်ခဲ့ပါသည်။

အေအေပီပီသည် စုဆောင်းထားသောအချက်အလက်များကို လုံခြုံစွာသိမ်းဆည်းထားပြီး (ဥပမာ တွေ့ဆုံမေးမြန်းခံရသူ များကဲ့သို့) အချက်အလက်ပေးဆောင်သူများက ဖျက်ဆီးရန် မတောင်းဆိုပါက အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ လုပ်ငန်းစဉ် ရည်ရွယ်ချက်များအတွက် တွေ့ဆုံမေးမြန်းမှုများနှင့် အခြားလျှို့ဝှက်သတင်းရင်းမြစ်များမှ ရရှိထားသော အချက်အလက်များကို အသုံးပြုရန် ရည်ရွယ်ပါသည်။

ဤအစီရင်ခံစာတွင် အေအေပီပီအပြင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့နှင့် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့အကြားရရှိထားသည့် အခြားသော ယုံကြည်အားထားဖွယ် အရင်းအမြစ်များမှ မှတ်တမ်းတင်ထားသည့် သက်သေအထောက်အထားများ ပါဝင်သည်။ အေအေပီပီ၏ တွေ့ဆုံမေးမြန်းမှုများနှင့်

မှတ်တမ်းတင်ခြင်းများမှ ကိုးကားထားသော အချက်အလက်များကို အေအေပီပီ၏ မူဝါဒနှင့်အညီ အပြန်အလှန်စစ်ဆေးပြီး အတည်ပြုထားသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အေအေပီပီ၏ သက်သေအထောက်အထားများသည် တစိတ်တပိုင်း သို့မဟုတ် တဆင့်ခံ ရရှိထားပါက ၎င်းတို့ကို မြေပြင်ပေါ်ရှိ ပြည်တွင်းမီဒီယာအရင်းအမြစ်များ၊ အဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂ အဖွဲ့များ၏ မှတ်တမ်းမှတ်ရာများနှင့် အပြန်အလှန်စစ်ဆေးပြီး သက်သေအဖြစ် တင်ပြခဲ့သည်။ ဖမ်းဆီးမှု၊ သတ်ဖြတ်မှု၊ အခြားလူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ ကိန်းဂဏန်းများကို ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်အထိ ဖော်ပြထားသည်။



## နိုင်ငံတကာ တရားဝင်အသိအမှတ်ပြုမှု ရှာဖွေရေး

နိုင်ငံတကာစံနှုန်းများအရ စစ်အုပ်စုသည် မြန်မာနိုင်ငံ၏အစိုးရတရပ်အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုမှုကို ရရှိရန် ကြိုးပမ်းရာတွင် အောင်မြင်မှုမရှိခဲ့ပေ။ နိုင်ငံတကာ၌သော်လည်းကောင်း ပြည်တွင်း၌သော်လည်းကောင်း တရားဝင်အာဏာ မရှိသောကြောင့် ၎င်းတို့သည် ကြမ်းတမ်းပြီး ကစဉ့်ကလျားဆန်သော အခြားနည်းလမ်းများဖြင့် ဤတရားဝင်အသိအမှတ်ပြုမှုကို တနည်းတဖုံရှာဖွေခဲ့သည်။

## ဖိနှိပ်မှု ယန္တရားများ

ဆယ်စုနှစ်များတလျှောက် စစ်အုပ်စုသည် ၎င်းတို့၏ ပြည်သူများအကြားထိတ်လန့်ခြောက်ခြားမှု လွှမ်းမိုးစေသော အကြမ်းဖက်လှုပ်ရှားမှုများမှတဆင့် တရားဝင်အသိအမှတ်ပြုမှုကို ရရှိနိုင်ရန် ဖိနှိပ်မှုယန္တရားများစွာကို စည်းစနစ်တကျ ချမှတ်ခဲ့သည်။ စစ်တပ်သည် တရားဥပဒေစိုးမိုးရေးကို အသုံးချ၍ သဘောထားကွဲလွဲသူများကို ဖိနှိပ်ခြယ်လှယ်ခြင်း၊ အရပ်ဘက်ဆိုင်ရာနေရာဘောင်များ ကျဉ်းကျုံ့သွားစေခြင်း၊ ၎င်းတို့၏ စိုးမိုးမှု စဉ်ဆက်မပြတ်လျော့နည်းလာနေသော နယ်မြေများတွင် ' ဖြတ်လေးဖြတ် ' နှင့် မြေလှန်စနစ်များကို ချမှတ်ခြင်းတို့ကို လုပ်ဆောင်၍ အကြောက်တရားလွှမ်းမိုးနေသည့် လူ့အဖွဲ့အစည်းတခုကို ဖော်ဆောင်နေသည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ

မြန်မာနိုင်ငံရှိ အရပ်သားတိုင်းသည် စစ်အုပ်စု၏ ထိတ်လန့်ခြောက်ခြားစေရန် အကြမ်းဖက်လှုပ်ရှားမှုကြောင့် အနည်းဆုံး လူပေါင်းသောင်းနှင့်ချီ၍ ဖမ်းဆီးခံရခြင်း၊ ထောင်နှင့်ချီ၍ သေဆုံးခြင်း၊ လေကြောင်းမှတိုက်ခိုက်မှု၊ ပစ္စည်းဥစ္စာများ သိမ်းဆည်းခြင်း၊ ချိုက်ပိတ်ခြင်း စသည့် အကျိုးဆက်များကို ရင်ဆိုင်နေရကာ မြန်မာ့လူအဖွဲ့အစည်းတခုလုံးအတွင်း ထိတ်လန့်ကြောက်ရွံ့မှုသည် ယိုစီးပြန့်နှံ့လျက်ရှိသည်။

## အရပ်သားများအပေါ် ဆက်တိုက် ဖိနှိပ်မှုပုံစံများ

မှတ်တမ်းမှတ်ရာများအရ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမြောက်သော ဤလူ့အခွင့်အရေးချိုးဖောက်မှုများကို အပြစ်ဒဏ်မှ ဆက်လက်ကင်းလွတ်နေသည့် စစ်အုပ်စုက ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ လုပ်ဆောင်နေကြောင်းကို မှန်းဆသုံးသပ်နိုင်သည်။ လက်နက်ကိုင် ပဋိပက္ခများအတွင်း စစ်တပ်၏ လုပ်ဆောင်ချက်များသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ကြောင်း ထင်ရှားပြီး ၎င်းတို့သည် စစ်ရာဇဝတ်မှုများဖြစ်ကောင်းဖြစ်နိုင်သည်။

# စစ်အုပ်စု၏ ဖိနှိပ်မှုပုံပန်းသဏ္ဌာန်များ

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အုပ်စုကြောင့် ဖြစ်ပွားခဲ့ရသော ဆိုးရွားသော ပျက်စီးမှု၊ သေဆုံးမှု၊ ဒဏ်ရာရမှု၊ နာကျင်မှု၊ ဆုံးရှုံးမှုတို့သည် ငြင်းပယ်၍မရနိုင်သကဲ့သို့ လက်ရှိအချိန်၌လည်း ရေတွက်၍မရနိုင်အောင် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သော်လည်း၊ ၂၀၂၃ ခုနှစ်အောက်တိုဘာလကုန်ပိုင်းမှစ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) ၏ ပူးပေါင်းထိုးစစ်ဆင်မှုများကြောင့် စစ်တပ်အနေနှင့် ယခင်ကထက် နယ်မြေအများအပြားကို လက်လွှတ်ဆုံးရှုံးခဲ့ရကာ ယခုပဋိပက္ခ၏ ချိန်ခွင်လျှာယိမ်းရာသည် သိသိသာသာ ပြောင်းလဲမှုကြီး ဖြစ်ခဲ့သည်။


၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် မြန်မာ့အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရက္ခိုင့်တပ်မတော် (AA) တို့ ပါဝင်သော ညီနောင်မဟာမိတ်သုံးဖွဲ့ (Three Brotherhood Alliance) သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၀၂၇ စစ်ဆင်ရေးဟု လူသိများသော ပူးပေါင်းစစ်ဆင်ရေးကြီးကို စတင်ခဲ့ပြီး ထိုစစ်ဆင်ရေးသည် စစ်အုပ်စုအတွက် တခါမှမကြုံဖူးသည့် အတိုင်းအတာတခုအထိ ဆုံးရှုံးမှုများကို ဖြစ်စေခဲ့သည်။ ၎င်းစစ်ဆင်ရေး၏ အကျိုးဆက်အနေဖြင့် အောက်တိုဘာလနောက်ပိုင်းလများတွင် အခြားသော EAO များ၏ ပူးပေါင်းတိုက်ခိုက်မှုများသည်လည်း နိုင်ငံတဝှမ်း၌ ရှေ့ဆင့်နောက်ဆင့် ဖြစ်ပွားလာခဲ့ပြီး စစ်အစိုးရ၏ ခံစစ်စွမ်းရည်ကို ပိုမိုထိပါး အားနည်းလာစေသည်။ ဤသို့ဖြင့် စစ်တပ်သည် ကြီးမားသော နယ်မြေများအပေါ် အုပ်စိုးမှုမရှိတော့ဘဲ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ စစ်မျက်နှာပေါင်းများစွာ ဖွင့်ထားခြင်းကြောင့် စစ်အုပ်စုတပ်ဖွဲ့များအနေနှင့် ၎င်းတို့စွမ်းဆောင်နိုင်သည့် အတိုင်းအတာထက် လူအင်အားအရင်းအမြစ် ပြန့်ကွဲသွားကာ ထိုအချက်သည် စစ်သားအများအပြား တပ်ကိုစွန့်ခွာထွက်ပြေးခြင်း သို့မဟုတ် လက်နက်ချခြင်းတို့ကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိပြီး စစ်တပ်၏ စိတ်ဓာတ်နှင့် တိုက်ခိုက်ရေးစွမ်းရည်ကို များစွာ ထိခိုက်ပျက်ပြားစေခဲ့သည်။

ထိုသို့သော နယ်မြေဆုံးရှုံးမှုများကြောင့် စစ်အုပ်စုသည် 'ဖြတ်လေးဖြတ်' ဗျူဟာဖြင့် ၎င်းတို့၏ ထိန်းချုပ်မှုအောက်မှ လွတ်သွားသောနယ်မြေများကို လေကြောင်းမှတဆင့် မြို့ပြ၊ အရပ်သားနေအိမ်များနှင့် အခြေခံအဆောက်အဦများကို ပစ်မှတ်ထား လက်တုံ့ပြန်တိုက်ခိုက်မှုတို့ ပိုမိုများပြားလာကာ ယင်းတိုက်ခိုက်မှုများကို ကြည့်ခြင်းအားဖြင့် ၎င်းတို့၏ အပြစ်ပေးတုံ့ပြန်လိုသည့် ရည်ရွယ်ချက်နှင့် အရေးကြီးသော စစ်ဘက်၊ အရပ်ဘက် ပစ်မှတ်ခွဲခြားသတ်မှတ်မှုကို ပြောင်ကျကျ လျစ်လျူရှုမျက်ကွယ်ပြုချက်တို့မှာ ပေါ်လွင်ထင်ရှားသည်။ အောက်ပါမြေပုံသည် နယ်မြေဆုံးရှုံးပြီးနောက် စစ်တပ်၏ လုပ်ဆောင်မှုတို့ကြောင့် အရပ်သားများအပေါ် အကျိုးဆက်သက်ရောက်မှုများကို ဖော်ပြထားသည်။ အဆိုပါ စစ်အင်အားဆုံးရှုံးရခြင်းကြောင့် စစ်အုပ်စုက ၎င်းတို့ ၂၀၁၀ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဧပြီလလယ်တွင် ထိုစစ်မှုမထမ်းမနေရဥပဒေသည် အာဏာတည်အသက်ဝင်ခဲ့သည်။ ထို့ကြောင့် စစ်မှုထမ်းရမည်ကို စိုးရိမ်၍ အရပ်သားများ

အစုလိုက်အပြုံလိုက် အိမ်နီးချင်းနိုင်ငံများသို့ စွန့်ခွာထွက်ပြေးခဲ့ကြသည်။ ဤအသစ် ပြဋ္ဌာန်းလိုက်သော စစ်မှုမထမ်းမနေရဥပဒေသည် ၎င်းတို့၏ အုပ်စိုးမှုကို အရင်းခံကျကျ ဆန့်ကျင်နေသည့် နိုင်ငံတခုလုံးကို ဆက်လက်ထိန်းချုပ်စိုးမိုးရန်နှင့် နိုင်ငံတကာက တရားဝင်အသိအမှတ်ပြုမှုကို ရရှိရန် စစ်အစိုးရက စဉ်ဆက်မပြတ် အသုံးပြုနေသည့် ယန္တရားများထဲမှ ကြံရာမရ အပူတပြင်းလုပ်သော အသစ်အဆန်း ကြိုးပမ်းမှုတခုလည်းဖြစ်သည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် ၁၊ နိုဝင်ဘာ ၂၀၂၃ မှ ၃၁၊ ဒီဇင်ဘာ ၂၀၂၃ အထိ သေဆုံးသည့်အရေအတွက် (၂၉)

● ပြည်သူကာကွယ်ရေးတပ်ဖွဲ့များမှ ၂၇၊ အောက်တိုဘာ ၂၀၂၃ မှ ၃၁၊ ဒီဇင်ဘာ ၂၀၂၃အထိ ထိုးစစ်ဆင်၊ တိုက်ခိုက်သိမ်းယူခဲ့သည့် မြို့များ (၆၉)



၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် စစ်အုပ်စုသည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်တခုဖြစ်သော ၂၀၂၀ ခုနှစ် နိုဝင်ဘာလရွေးကောက်ပွဲအတွင်း မဲလိမ်လည်မှုဖြစ်ခဲ့သည်ဟု အကြောင်းပြကာ ယခုလိုအာဏာသိမ်းခြင်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်း တရားဝင်သည်ဟုဆို၍ ၎င်းတို့၏ အစိုးရအတွက် နိုင်ငံတကာက တရားဝင်အသိအမှတ်ပြုမှုကိုပါ တပါတည်းရယူရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော်လည်း စစ်တပ်သည် နိုင်ငံတော်အာဏာကို အကြမ်းဖက်၍ တရားမဝင်လုယူခဲ့ပြီး မြန်မာပြည်သူများက ဒီမိုကရေစီနည်းကျကျ တရားဝင် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အဖွဲ့ဝင်များကို ဖမ်းဆီးထောင်ချခဲ့ခြင်းကြောင့် ၎င်းတို့၏ ဆင်ခြေပေးပြောဆိုမှုတို့ကိုလည်း မည်သူ့ကမျှ မယုံကြည်ကြပေ။ အကယ်၍ မဲလိမ်လည်မှုဖြစ်ခဲ့သည်ဆိုသော စွပ်စွဲချက်မှာ မှန်ကန်သည်ဆိုသည့်တိုင် ၎င်းတို့အနေနှင့် "နိုင်ငံတော်အရေးပေါ်အခြေအနေ" ကြေညာနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လိုအပ်သည့်သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိပါ။ အာဏာရလာချိန်မှစ၍ စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရွေးကောက်ပွဲကျင်းပခြင်း သို့မဟုတ် ပြည်သူတို့ထံမှ သဘောတူပေးအပ်သည့် လုပ်ပိုင်ခွင့်အာဏာရယူခြင်းကို မည်သည့်အခါမျှ မလုပ်ဆောင်ခဲ့ပေ။ "နိုင်ငံတော် အရေးပေါ်အခြေအနေ" ကာလကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ဆဋ္ဌမအကြိမ် သက်တမ်းတိုးမြှင့်ခဲ့ပြီး၊ မလွဲမရှောင်သာ အကြိမ်ကြိမ်အဖန်ဖန်ရွှေ့ဆိုင်းခဲ့ရသည့် ရွေးကောက်ပွဲကို ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်များသည်၊ နိုင်ငံတကာ၏ တရားဝင်အသိအမှတ်ပြုမှု သိုးရေကိုခြုံကာ ၎င်းတို့၏ အာဏာကို အနားကွပ်မွမ်းမံရန် ကြိုးပမ်းသော စစ်အုပ်စု၏ အရှက်မရှိသည့်လုပ်ရပ်ကို ဖော်ပြနေခြင်းသာဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "နိုင်ငံတော် အရေးပေါ်အခြေအနေ" ကာလကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် သက်တမ်းထက်မံတိုးမြှင့်ကြောင်း ကြေညာရာတွင် ၎င်းအနေနှင့် "ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနည်းကျကျ ပါတီစုံအထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး" တို့ကို သေချာစေဖို့ ဤသို့ သက်တမ်းတိုးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းတို့၏ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများ၊ ရာဇဝတ်မှုဥပဒေများ၊ လူသားချင်းစာနာထောက်ထားမှုဥပဒေများအပေါ် ချိုးဖောက်ခဲ့ခြင်းအတွက် ရှည်လျားထွေပြားသော မှတ်တမ်းမှတ်ရာများ ပြုစုထားသည်များရှိသည့်တိုင်၊ စစ်အုပ်စုက ပြည်သူတို့၏ ဘုံစိတ်ဆန္ဒကို ကြမ်းတမ်းစွာ ဖိနှိပ်မှုများကိုမျှ မငဲ့ကွက်ဘဲ ပြောကြားခဲ့သည် မင်းအောင်လှိုင်၏ အဆိုပါကြေညာချက်အရ စစ်တပ်၏ အုပ်ချုပ်မှုမရှိဘဲ ကြေညာချက်ပါ ရည်ရွယ်ချက်များ အထမြောက်နိုင်မည်ဟု ဆိုလိုသည့်သဘော ရောက်နေသကဲ့သို့ ပြည်တွင်းအခြေအနေသည် ယင်းရည်ရွယ်ချက်များ အထမြောက်နိုင်သည့် အနေအထားတွင်ရှိသည်ဟုလည်း အဓိပ္ပာယ်သက်ရောက်နေသည်။ စစ်တပ်ဖက်က ရွေးကောက်ပွဲကို ကျင်းပမည်ဆိုသည့်တိုင် လွတ်လပ်ပြီး၊ တရားမျှတသော ရွေးကောက်ပွဲတရပ်ဖြစ်ဖို့ အလားအလာသည် အင်မတန်နည်းပါးလှသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်က တပ်သားများအား ပြစ်ဒဏ်မှကင်းလွတ်ခွင့် ပေးထားပြီး အထူးသဖြင့် ပုဒ်မ ၄၄၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့နိုင်သည်။

*'ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ မူဝါဒလမ်းညွှန်ချက်များ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များကိုလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီနှင့် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့်ရပိုင်ခွင့်များကိုလည်းကောင်း ဆက်ခံသည်။ ယင်းအဖွဲ့၊ သို့မဟုတ် အဖွဲ့ဝင်တဦးဦး၊ သို့မဟုတ် အစိုးရအဖွဲ့ဝင်တဦးဦး၏ တာဝန်အရဆောင်ရွက်ချက်များအပေါ် အကြောင်းပြု၍ ယင်းတို့အား တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ။'*

သို့သော် ၎င်းတို့အနေနှင့် မည်မျှပင် ကြိုးပမ်းသည်ဖြစ်စေ စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ အစိုးရတရပ်အဖြစ် တရားဝင်အသိအမှတ်ပြုမှု ရရှိရန်အတွက် သေချာစေသည့် ထိရောက်သော အာဏာစိုးမိုးမှု သို့မဟုတ် ထိန်းချုပ်မှု မရှိသေးပေ။ ထိုအသိအမှတ်ပြုမှုရရှိရန်အတွက် အောက်ပါတို့ လိုအပ်သည်။

| | |
|---|---|
| မြန်မာနိုင်ငံ၏ နယ်မြေဒေသ အများစုကို စိုးမိုးထိန်းချုပ်ထားခြင်း၊ | လူအများက အုပ်စိုးမှုအပေါ် နာခံ၍ နေထိုင်ခြင်း၊ |
| တည်ငြိမ်သောအခြေအနေတရပ်အတွက် ကျိုးကြောင်းဆီလျော်သည့် အလားအလာ ရှိခြင်း၊ | နိုင်ငံတကာဥပဒေအရ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များကို လိုက်နာခြင်း |

ဤအစီရင်ခံစာ ရေးသားထားသည့် ကာလအတွင်းတွင် စစ်တပ်အနေနှင့် နယ်မြေအများအပြားကို ထိန်းချုပ်မှု လက်လွတ်ဆုံးရှုံးသွားခဲ့ပြီး တချိန်တည်း၌ လူထုကလည်း ၎င်းတို့ကို အရင်းခံကျကျ ဆန့်ကျင်လျက်ရှိနေသည်။ ဤအစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း စစ်အုပ်စုသည် နောက်ဆက်တွဲအားဖြင့် အကျဉ်းသားများပြန်လွှတ်ပေးခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဆိုင်နှင့် ပတ်သက်၍ လွဲမှားသော ကြေညာချက်များမှတဆင့် ၎င်းတို့၏ တရားမဝင်သောအုပ်ချုပ်မှုကို ဖုံးကွယ်ရန် ကြိုးပမ်းခဲ့သည်။ ၎င်းတို့၏ ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို အထောက်အကူပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှတဆင့် ထိုလွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းတို့ကို လျော်ကန်ကြောင်း ဆင်ခြေပေးကာ တချိန်တည်း၌ စစ်အုပ်စုကို လက်မခံသူများအား နှုတ်ပိတ်ရန်နှင့် ပြည်တွင်းအခြေအနေအပေါ် ပြန်လည်ထိန်းချုပ်မှုရရှိရန် ကြိုးပမ်းမှုများတွင် အောင်မြင်မှုမရှိဘဲနှင့် ၎င်းတို့၏ ပြည်သူများအကြား ထိတ်လန့်ခြောက်ခြားမှု လွှမ်းမိုးစေသော အကြမ်းဖက်လှုပ်ရှားမှုများကို ဆက်လက် ရှေ့တိုးလုပ်ဆောင်နေလျက်ရှိသည်။

# နိုင်ငံတကာအသိအမှတ်ပြုမှုကိုရှာဖွေခြင်း










မြန်မာနိုင်ငံအနေနှင့် ၂၀၁၁ ခုနှစ်၌ ဒီမိုကရေစီ ပြန်လည်မရရှိမီ စစ်တပ်ကအုပ်စိုးခဲ့သည့် ဆယ်စုနှစ်ငါးခုကြာကာလအတွင်းနှင့် တိုင်းရင်းသားလူနည်းစုများကို ဖိနှိပ်ချုပ်ချယ်သည့် နှစ်ကာလများအတွင်း စစ်တပ်က ပြည်သူများကို သွေးခွဲအုပ်ချုပ်ရန် ရည်ရွယ်ချက်ဖြင့် နည်းစနစ်နှင့် နည်းပရိယာယ် အစုံအလင်ကို ဖန်တီးအသုံးချခဲ့သည်။

၎င်းတို့၏ အခြေအမြစ်မရှိသော ဆင်ခြေများနှင့်အတူ စစ်အုပ်စုသည် ဗျူဟာနည်းကျ နိုင်ငံရေးအကြမ်းဖက်မှုများ ကျူးလွန်၍ နိုင်ငံတဝှမ်းရှိ အရပ်သားပြည်သူများအကြားတွင် အကြောက်တရားလွှမ်းမိုးသော ပတ်ဝန်းကျင်တခုဖြစ်အောင် တည်ဆောက်လျက်ရှိသည်။ စစ်အုပ်စုအတွက် အထိခိုက်မခံသောကာလအတွင်း ၎င်းတို့နှစ်ရှည်လများ နှစ်ခြိုက်အသုံးပြုခဲ့သော ဖိနှိပ်မှုနည်းစနစ်များနှင့် နည်းပရိယာယ်များအပေါ် မှီခိုအားထားခြင်းကို ပြန်လည်တွေ့ရှိလာရသည်။ ၎င်းတို့တွင် တရားဥပဒေစိုးမိုးရေး ခေါင်းစဉ်ကို အသုံးပြု၍ ပြည်သူများအကြား ထိတ်လန့်ခြောက်ခြားမှု လွှမ်းမိုးစေသော အကြမ်းဖက်လုပ်ရှားမှုများ၊ 'ဖြတ်လေးဖြတ်' ဗျူဟာနှင့် မြေလှန်စနစ်များကို ယခင်ထက် ပိုမိုပြင်းထန်ပြီး ရက်စက်ကြမ်းကြုတ်သော နည်းလမ်းများဖြင့် ချမှတ်ဖော်ဆောင်ခြင်းတို့ ပါဝင်သည်။

စစ်အုပ်စုကိုယ်တိုင် မြန်မာပြည်သူပြည်သားများကို ဒုက္ခအလုံးစုံပေးခဲ့ပြီး ၎င်းတို့က ပြန်ပြီး ထိုဒုက္ခခံစားရသူ ပြည်သူများကို အကြိမ်ကြိမ် အပြစ်တင်ခဲ့သည်။ မြန်မာပြည်သူများ အထူးသဖြင့် "အကြမ်းဖက်သမားများ" ဟု ၎င်းတို့ မကြာခဏရည်ညွှန်းလေ့ရှိသော တော်လှန်ရေးအတွင်း ပါဝင်လှုပ်ရှားသူ အားလုံးတို့မှာ "အဖျက်သဘောဆောင်သောစိတ်ဓာတ်" ရှိသည်ဟု လေလုံးထွား ကြွေးကြော်သံများက စစ်အစိုးရ၏ "စစ်မှန်သော ဒီမိုကရေစီ" ကို တည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုကို ထိခိုက်ပျက်ပြားစေသည်။ ထို့နည်းတူ တိုင်းပြည်၏ ဆိုးရွားသော လက်ရှိစီးပွားရေးအခြေအနေမှာ ပြည်သူပြည်သားတို့၏ ပျင်းရိမှုနှင့် အလုပ်မကြိုးစားမှုတို့ကြောင့် ဖြစ်သည်ဟု ၎င်းတို့က လေလုံးထွားကြွေးကြော်ကြပြန်သည်။

အောက်ဖော်ပြပါ စာမျက်နှာများတွင် ၂၀၂၃ နှင့် ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ လူ့အဖွဲ့အစည်းတရပ်လုံးအပေါ် ချမှတ်ခဲ့သည့် ဖိနှိပ်မှုယန္တရားအချို့နှင့် ယင်းမတိုင်မီ လွန်ခဲ့သောဆယ်စုနှစ်များအတွင်း စစ်အစိုးရ အုပ်စိုးသည့်ကာလအတွင်း ချမှတ်ခဲ့သော ဖိနှိပ်မှုယန္တရားအချို့ကို ဖော်ပြထားသည်။

## ဖိနှိပ်မှုယန္တရားများ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့်တို့အား နေပြည်တော်တရားရုံးတွင် ရုံးထုတ်လာစဉ်။ စစ်ကောင်စီ၏ ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် သတင်းဓာတ်ပုံ။

မြန်မာ့တရားစီရင်ရေးစနစ်သည် မည်ကာမတ္တအယောင်ပြတရားခွင်များကဲ့သို့ တရားမျှတမှုမရှိသော တရားစီရင်မှုစနစ်သို့ ပြန်လည်ဆုတ်ယုတ်သွားခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ရရှိထားသည့် လုပ်ပိုင်ခွင့်၏တစိတ်တပိုင်းအနေဖြင့် စစ်တပ်သည် ၎င်းတို့လက်အောက်ရှိ တရားစီရင်ရေးစနစ်ကို အမြတ်ထုတ်အသုံးချကာ ၎င်းတို့အားဆန့်ကျင်သူများကို ဖမ်းဆီးခြင်း၊ ဖိနှိပ်ခြင်းများကို လုပ်ဆောင်ခဲ့သည်။ စစ်အုပ်စုသည် အဓိပ္ပာယ်မရေရာ၊ မသဲကွဲဘဲ ကျယ်ပြန့်လွန်းသည့် ဥပဒေများကို ပြဋ္ဌာန်းကာ တချိန်တည်းတွင် ၎င်းတို့အလိုကျ လိုက်နာလုပ်ဆောင်သော တရားသူကြီးများကို ခန့်အပ်၍ ဤမျှတမှုမရှိသော တရားစီရင်မှုစနစ်ကို အမြတ်ထုတ်အသုံးချနေပါသည်။

စစ်အစိုးရသည် တရားစီရင်ရေးမဏ္ဍိုင်ကို ထိန်းချုပ်ထားပြီး တရားစီရင်ရေးစနစ်ကို ၎င်းတို့၏ ဖိနှိပ်မှုယန္တရား၏ လက်တံတချောင်းအဖြစ် အသုံးချနေသည်။ တရားခံများအား ဥပဒေအကြံပေးမှ ကိုယ်စားမပြုသော၊ ရှေ့နေများသည် ၎င်းအမှုသည်တို့၏ကိုယ်စား သက်သေအထောက်အထားများကို

## တရားဥပဒေစိုးမိုးရေးနှင့် ကျဉ်းကျပ်လှသော အရပ်ဘက်ဆိုင်ရာ နေရာဆောင်များ

တင်ပြနိုင်ခြင်းမရှိသော၊ အချို့သောအခြေအနေများတွင် ရှေ့နေတို့သည် ၎င်းတို့၏ အမှုသည်များနှင့် လျှို့ဝှက်၍ ပြောဆိုဆက်သွယ်မရသော၊ တရားမျှတမှုမရှိသည့် တရားခွင်စစ်ဆေးမှုများကို စစ်အုပ်စုက ပြုလုပ်လျက်ရှိသည်။ ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအပါအဝင် အဓိပ္ပာယ်မရေရာ၊ မသဲကွဲဘဲ ကျယ်ပြန့်လွန်းသည့်ဥပဒေများဖြင့် ၎င်းတို့ကို ဆန့်ကျင်သူအားလုံးကို ထောင်ချရန် လူတဦးချင်းစီအား မဟုတ်မမှန်သည့် စွဲချက်အသစ်များဖြင့် စွဲချက်တင်သည်ကို တွေ့ရသည်။ ထို့အပြင် ၎င်းတို့သည် ပြစ်ဒဏ်ရှိသည်ဟု ယုံကြည်ရလောက်သော သက်သေ အထောက်အထားများနှင့် (သို့မဟုတ်) ညှဉ်းပန်းနှိပ်စက်၍ ရရှိထားသော ဝန်ခံမှုဖြစ်စေ၊ မှားယွင်းသော သက်သေအထောက်အထားများဖြစ်စေ စသည်တို့အပေါ် အခြေခံ၍ ရှည်လျားသော ထောင်ဒဏ်များကို ချမှတ်လျက်ရှိသည်။ အကျဉ်းထောင်များအတွင်းရှိ အထူးတရားရုံးတို့၌ တံခါးပိတ်တရားခွင်များ ခင်းကျင်းပြုလုပ်လေ့ရှိပြီး တရားခံအတွက် ကိုယ်စားပြုရန် ရှေ့နေမရှိခြင်းတို့ မကြာခဏ ဖြစ်လေ့ရှိသည်။

မီဒီယာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများထံသို့ တရားဝင် သတင်းရင်းမြစ်များမှ ပေါက်ကြားလာသော သတင်းအချက်အလက်များအရ စစ်အုပ်စုထိန်းချုပ်ထားသော တရားရုံးများသည် လွတ်လပ်ခွင့်နှင့် ဘက်မလိုက်မှု/သမာသမတ်ကျမှုဆိုင်ရာ အဓိကအခြေခံမှုများကို စနစ်တကျချိုးဖောက်ကြောင်းကို အတည်ပြုနိုင်ခဲ့သည်။ နိုင်ငံရေးအမှုဖြင့် တရားစွဲခံထားရသူများကို ခုခံကာကွယ်သည့် ရှေ့နေတို့က တရားလိုဖက်မှတင်ပြသော သက်သေအထောက်အထားများသည် မြန်မာနိုင်ငံသက်သေခံ အက်ဥပဒေ (Burma Evidence Act) နှင့် မကိုက်ညီကြောင်း ထောက်ပြခဲ့သော်လည်း စစ်အုပ်စုအလိုကျ လုပ်ဆောင်သော တရားသူကြီးများသည် တရားစွဲခံရသူကို အထောက်အကူပြုမည့် သက်သေ အထောက်အထားများ တင်ပြခြင်းကို လက်ခံရန် လျစ်လျူရှုမျက်ကွယ်ပြုခြင်း ဖြစ်စေ၊ ငြင်းဆိုခြင်းဖြစ်စေ လုပ်ဆောင်ခဲ့သည်။ ထို့အပြင် ရှေ့နေများက ၎င်းတို့၏ အမှုသည်အပေါ် စွဲဆိုထားသည့် စွဲချက်များ သို့မဟုတ် တရားသူကြီး၏ ဆုံးဖြတ်ချက်များ အပေါ် မေးခွန်းထုတ်ခုခံရန် ကြိုးပမ်းပါက ထောင်ဒဏ်များ တိုးမြင့်သွားတတ်သည်။

ယခုစနစ်အောက်၌ စစ်အုပ်စုက တရားဥပဒေစိုးမိုးရေးဟူသောခေါင်းစဉ်ကို လက်နက်တခုအနေဖြင့် ပြုပြင်ပြဋ္ဌာန်း၍ ယခုအစီရင်ခံစာ ရေးသားထားသည့် ကာလအထိ ဆက်လက်အသုံးချကာ ၎င်းတို့အား ဆန့်ကျင်သူများကို ဖမ်းဆီးလျက်ရှိနေသည်။ ၂၀၂၅ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည့် ကတိကဝတ် အပါအဝင် ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပမည့် ကတိကဝတ်များကို စစ်အစိုးရက ဆက်တိုက်ပေး၍၊ ဆက်တိုက် ဖျက်သိမ်းနေသည့် နည်းတူ အတိုက်အခံပါတီများကို တရားမျှတမှု မရှိသည့် ဥပဒေတို့နှင့် "အကြမ်းဖက်သမားများ" ဟု ခေါင်းစဉ်တပ်ကာ ဖမ်းဆီး ချုပ်နှောင်ထားဆဲဖြစ်သည်။ တော်လှန်ရေးအဖွဲ့များအနေနှင့်လည်း ၎င်းတို့အားကောင်းသော အခြေစိုက်ရာ အမာခံနယ်မြေများ ပိုမိုရရှိလာသည်နှင့်အမျှ ရှေးယခင်ကအတိုင်း စစ်အုပ်စုကို ဆန့်ကျင်သောအုပ်စုများနှင့် ဆက်နွယ်သည်ဟု ယူဆသူများ၊ ၎င်းတို့၏မိသားစုဝင်များကို စစ်တပ်က ပိုမိုပစ်မှတ်ထားလာကြောင်း သက်သေအထောက်အထားများက ပြသနေပါသည်။

ယခင်က လူတဦးချင်းစီအား မကြာခဏဆိုသလို ရာဇသတ်ကြီးဥပဒေဖြင့် ပုဒ်မတပ်ခဲ့သော်လည်း စစ်အုပ်စုသည် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်များတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပိုမိုအသုံးပြုလာခဲ့ပြီး ထိုဥပဒေ၏

အဓိပ္ပာယ်မရေရာ၊ မသဲကွဲမှုအပေါ် ၎င်းကို တရားလက်လွတ် အသုံးချခဲ့ကြသည်။ အေအေပီပီက ကောက်ယူရရှိထားသည့် အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် နိုင်ငံရေးအကျဉ်းသား (၁၅၁၁) ဦးကို ပြစ်ဒဏ်ချမှတ်ခဲ့ပြီး၊ ၂၀၂၄ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသား (၂၇၄) ဦးကို ယင်းစွဲချက်ဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့သည်ကို တွေ့ရသည်။

စစ်ကောင်စီအစိုးရ၏ ဥပဒေအမှတ် ၅/၂၀၂၁ အရ စစ်အစိုးရသည် အဓိပ္ပာယ် မရေရာ၊ မသဲကွဲသော ပုဒ်မ ၅၀၅-ကကို အသုံးချကာ လွတ်လပ်စွာ ထင်မြင်ပိုင်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ကို ရာဇဝတ်မှု ကျူးလွန်ခြင်းအဖြစ် ဆက်လက်၍ လွယ်ကူစွာ ခေါင်းစဉ်တပ် ဆက်လက်ခြယ်လှယ် အသုံးချလျက် ရှိသည်။

ပုဒ်မ ၅၀၅-က ဥပဒေပြဋ္ဌာန်းချက်အသစ်တွင် အောက်ပါအချက်များနှင့် ငြိစွန်းသည့် လူတဦးတယောက်ချင်းစီကို တရားစွဲဆိုနိုင်သည်။ ၎င်းတို့မှာ (က) နိုင်ငံသားဖြစ်သူ လူတစု သို့မဟုတ် အများပြည်သူကို ထိတ်လန့်ကြောက်ရွံ့မှုဖြစ်စေရန် လုပ်ဆောင်ခြင်း သို့မဟုတ် ရည်ရွယ်ခြင်း၊ (ခ) သတင်းမှားမှန်း သိလျက်ဖြစ်စေ၊ ယုံကြည်လျက်ဖြစ်စေ သတင်းမှားများ ဖန်တီးရန် သို့မဟုတ် ပျံ့နှံ့စေရန် ရည်ရွယ်ခြင်း၊ (ဂ) အစိုးရဝန်ထမ်းတဦးအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြစ်မှုမြောက်သော ရာဇဝတ်မှု ကျူးလွန်ရန် သို့မဟုတ် လှုံ့ဆော်ရန် လုပ်ဆောင်ခြင်း သို့မဟုတ် ရည်ရွယ်ခြင်း စသည်တို့ဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် အဖွဲ့အစည်းများမှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းသည် လွတ်လပ်စွာ စုဝေးခွင့်ကို ပြင်းပြင်းထန်ထန် အဟန့်အတားဖြစ်စေ၍ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တလျှောက် အရပ်ဘက်ဆိုင်ရာ နေရာဘောင်များကို ပိုမို ကျဉ်းမြောင်းလာစေခဲ့ပါသည်။ အဆိုပါဥပဒေသည် မည်သည့်ပြည်တွင်းဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ကိုမဆို မဖြစ်မနေ တရားဝင်မှတ်ပုံတင်ရမည်ဟု ပြဋ္ဌာန်းထားရှိပြီး ထိုသို့ပြုလုပ်ရန် ပျက်ကွက်ပါက ထိုအဖွဲ့အစည်းများကို ပြစ်မှုပြစ်ဒဏ်နှင့် ထောင်ဒဏ်ငါးနှစ်အထိ ချမှတ်နိုင်သည်။ အထူးသဖြင့် စိုးရိမ်စရာကောင်းသည့်အချက်မှာ စစ်အုပ်စု၏ ကန့်သတ်ချက်များကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတို့မှ အကူအညီများ ပေးအပ်၍မရသဖြင့် ၎င်းတို့ကိုယ်စား အကူအညီပေးမှုကို လုပ်ဆောင်နေသော ဒေသခံနှင့် မြေပြင်ပေါ်မှ ကိုယ်ထူကိုယ်ထ အဖွဲ့အစည်းများအပေါ် ဆက်လက် သက်ရောက်မှုရှိနေခြင်း ဖြစ်သည်။

**70,324**

houses have been burned down by the military since the coup [24] (UPDATE)

"တချို့ရွာတွေက သူတို့တွေ [တော်လှန်ရေးအဖွဲ့များ] ကို ငွေကြေးထောက်ပံ့နေတာ မှန်တယ်ဆိုရင်တော့ သင်ခန်းစာပေးဖို့လိုတယ်။ အဲဒီရွာတွေကို မြန်မာနိုင်ငံမြေပုံကနေ အစဖျောက်ပစ်ရမယ်။ ဒါက ကျနော်တို့ အမြစ်ဖြုတ်ချေမှုန်းပစ်ရမဲ့ ဟာပဲ ဖြစ်တယ်။"



စစ်အုပ်စုကလည်း ၂၀၁၁ ခုနှစ်ထိတိုင် ဆယ်စုနှစ်များစွာကြာညောင်းခဲ့သော စစ်အစိုးရကာလအတွင်း တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များအပေါ် ကျင့်သုံးခဲ့သည့် 'ဖြတ်လေးဖြတ်' ဗျူဟာကို ပို၍မှီခိုအားထားလာကြသည်။ 'ဖြတ်လေးဖြတ်' ဗျူဟာသည် မြန်မာ့သမိုင်းတလျှောက် ၎င်းတို့ အသုံးပြုခဲ့သော သောင်းကျန်းသူနှိမ်နင်းရေးဗျူဟာတခုဖြစ်ပြီး ၁၉၆၀ ခုနှစ်များအတွင်း ထိုဗျူဟာကိုအသုံးချ၍ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ စားနပ်ရိက္ခာ၊ ငွေကြေး၊ သတင်းအချက်အလက် ထောက်လှမ်းရေး၊ လူသစ်စုဆောင်းခွင့်တို့ကို ဖြတ်တောက်ရန် ကြိုးပမ်းခဲ့သည်။ ၁၉၆၈ ခုနှစ် တပ်မတော်ညီလာခံတွင် သောင်းကျန်းသူများအား တရားလက်လွတ်ဖမ်းဆီးခြင်းသည် အရေးကြီးကြောင်း၊ တိကျသော သတင်းအချက်အလက် ထောက်လှမ်းရေးသည် အရေးကြီးကြောင်း၊ လုံးဝချေမှုန်းရေးသည် မရှိမဖြစ်လိုအပ်ကြောင်းကို သဘောတူညီခဲ့ကြသည်။ အဆိုပါအရင်းအမြစ်များကို ဖြတ်တောက်ရန်အတွက်

ဖြတ်လေးဖြတ်

သောင်းကျန်းသူများကို ပံ့ပိုးကူညီနေသည်ဟု ၎င်းတို့ယူဆထားသော အရင်းအမြစ်များကို ဖယ်ရှားပစ်ရန် ဦးစားပေးလုပ်ဆောင်နေကြသည်။ ဆိုလိုသည်မှာ အရပ်သားပြည်သူများ၏ အခြေခံအဆောက်အဦ၊ အသက်မွေးဝမ်းကျောင်း စားဝတ်နေရေး၊ လူနေမှုဘဝပုံစံများ စသည်တို့သည် စစ်အုပ်စု၏ စစ်ဗျူဟာကြောင့် မလွှဲမရှောင်သာ ပစ်မှတ်သားကောင်များဖြစ်လာရပြီး၊ စစ်တပ်ကိုယ်တိုင်ကလည်း ထိုအရာများအား စစ်ဗျူဟာအရ ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားခဲ့ကြသည်။

စစ်အုပ်စု၏ 'ဖြတ်လေးဖြတ်' ဗျူဟာသည် စစ်တပ်အတွက် အန္တရာယ်ရှိသူဟု ယူဆသူတိုင်းအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ရန် အဆက်မပြတ် တွန်းအားပေးလှုံ့ဆော်နေသည်။ ဤဗျူဟာ၏ အစိတ်အပိုင်းတခုအနေဖြင့် စစ်အုပ်စုလက်အောက်ခံ စစ်သားများသည် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော အရပ်သားနယ်မြေများအပါအဝင် ကျေးရွာများအတွင်း တရွာဝင်တရွာထွက်ကာ မီးရှို့ဖျက်ဆီးခြင်းမပြုလုပ်မီ ပစ္စည်းဥစ္စာများကို ခိုးယူလုယက်ခဲ့ကြသည်။ ၎င်းတို့သည် ဤနည်းဗျူဟာကို အသုံးပြု၍ ပြည်သူပြည်သားတို့၏ အသက်မွေးဝမ်းကျောင်း စားဝတ်နေရေးနှင့် ရပ်ရွာလူထုတို့၏ဘဝများ လုံးလုံးလျားလျား ပျက်သုဉ်းသွားစေရန် စားနပ်ရိက္ခာသီးနှံများ၊ စားနပ်ရိက္ခာ သိုလှောင်ရုံများ၊ တိရစ္ဆာန်များကဲ့သို့သော အရင်းအမြစ်များကို ပစ်မှတ်ထား ဖျက်ဆီးခြင်းအားဖြင့် ၎င်းတို့၏ ရေရှည်လိုလားသောရလဒ်ဖြစ်သည့် လုံးဝဥဿုံ ဖိနှိပ်ချုပ်ချယ်မှုအတွက် အထောက်အကူ ပြုစေ သည်။

လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တို့က နယ်မြေသစ်များ တိုက်ယူရရှိနေမှုကို တုံ့ပြန်ရန်အတွက် စစ်တပ်သည် ၎င်းတို့၏ 'ဖြတ်လေးဖြတ်' ဗျူဟာကို လွန်ခဲ့သည့်နှစ်အတွင်း အရှိန်မြှင့်တင်ခဲ့သည်။ စစ်အုပ်စုသည် ဤနယ်မြေများကို လက်လွတ်ဆုံးရှုံးမှုအပေါ် တော်လှန်ရေးအင်အားစုတို့ကို ပံ့ပိုးပေးသည့် မြို့ရွာများအပြင် အရပ်သားများ၏ ကောက်ပဲသီးနှံများနှင့် လယ်ယာမြေများကို မီးရှို့ဖျက်ဆီးခြင်း၊ ပဒေသာမိုင်းလက်နက်ခဲယမ်းမီးကျောက်များကို အသုံးပြု၍ လေကြောင်းမှတဆင့် တိုက်ခိုက်ဖျက်ဆီးခြင်းများကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ကာ ချက်ချင်းလက်ငင်းဆိုသလို တုံ့ပြန်ခဲ့ကြသည်။ ပဒေသာမိုင်း လက်နက်ခဲယမ်းမီးကျောက်များကို အသုံးပြုခြင်းကို စစ်ရာဇဝတ်မှုတခုအဖြစ် သတ်မှတ်ထားသည်။ ၂၀၂၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အပါအဝင် အခြားသောဒေသများတွင် မီးရှို့ဖျက်ဆီးမှုတို့သည် သိသိသာသာများပြားလာခဲ့သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ စစ်ဆင်ရေး ၁၀၂၇ အတွင်း ကောလင်းမြို့ကို တော်လှန်ရေးအဖွဲ့များက သိမ်းပိုက်နိုင်ခဲ့သည်။ ထို့နောက် တပ်မတော်က အဆိုပါ ကောလင်းမြို့ကို ပြန်လည်သိမ်းယူပြီးနောက် သုံးလကြာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ၎င်းတို့သည် မြို့၏ ၈၀ ရာခိုင်နှုန်းခန့်ကို ဖျက်ဆီးခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ ရွာ ၄၀ ကိုလည်း ဖျက်ဆီးခဲ့ကြသည်။ အကျိုးဆက်အားဖြင့် နေအိမ် (၅၂၀၀) ထက်မနည်း မီးလောက်ပျက်စီးခဲ့ပြီး ဒေသခံအရပ်သား (၃၀၀၀၀) ခန့်မှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ Data for Myanmar က ကောက်ယူရရှိထားသော အချက်အလက်များအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အကြား မတူကွဲပြားသော ဖြစ်စဉ် (၃၆၂) ခုအတွင်း အိမ်ခြေ အလုံးပေါင်း (၂၁၀၁၂)

လုံးကို စစ်အုပ်စုက မီးရှို့ဖျက်ဆီးခဲ့သည်ကို တွေ့ရပြီး ၎င်းသည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်ပွားပြီး နောက်မှစ၍ ယနေ့တိုင် မီးရှို့ဖျက်ဆီးခဲ့သည့် အိမ်ခြေ အလုံးပေါင်း (၁၀၁၄၆၀) လုံး၏ ၂၀ ရာခိုင်နှုန်း ဖြစ်သည်။ အဆိုပါဖြစ်စဉ်တို့၏ တည်နေရာများကို ကြည့်ခြင်းအားဖြင့် စစ်တပ်နှင့် ၎င်းတို့၏ မဟာမိတ်တို့က တော်လှန်ရေးအင်အားစုတို့ အားကောင်းသောအခြေစိုက်ရာ အမာခံနယ်မြေများရှိ အိမ်များကို ပစ်မှတ်ထားကာ မီးရှို့ဖျက်ဆီးမှုများကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ စစ်အစိုးရက မီးရှို့ဖျက်ဆီးခဲ့သည့် အိမ်ခြေ အားလုံး၏ ၇၂ ရာခိုင်နှုန်းသည် တော်လှန်ရေးအင်အားစုတို့က သိသိသာသာ ထိန်းချုပ်ထားသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ တည်ရှိသည်။

ထိုသို့ဖျက်ဆီးမှုများလုပ်ဆောင်ရန် မက်လုံးပေးနေခြင်းကို တပ်မတော်အရာရှိများ၏ လူထုရှေ့၌ ပြောကြားသော မိန့်ခွန်းများတွင် တွေ့မြင်နိုင်သည်။ ၂၀၂၄ ခုနှစ်အတွင်း ဖြစ်စဉ်တခု၌ ပဲခူးတိုင်းရှိ စစ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူဖြစ်သည့် စီးပွားရေးဝန်ကြီး ဦးတင်ဦးသည် အတင်း အကြပ်တပ်သားသစ်စုဆောင်းခြင်းကို လုပ်ဆောင်ရန်နှင့် လူသစ်စုဆောင်းခြင်းကို မလိုက်နာသောရွာများကို မီးရှို့ပစ်ရန် ခြိမ်းခြောက်ခဲ့သည်။ အခြားဖြစ်စဉ်တခုတွင် ပြည်သူ့စစ်အဖွဲ့များအတွက် စည်းရုံးလှုံ့ဆော်ပေးနေသည့် အစွန်းရောက်အမျိုးသားရေးဝါဒီ ဗုဒ္ဓဘာသာဘုန်းကြီး ဦးဝါသဝက တော်လှန်ရေးသမားများအား ထောက်ခံသည်ဟု ယူဆရသည့် ရွာများကို မြေပုံပေါ်က အစဖျောက်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုကာ "တချို့ရွာတွေက သူတို့တွေ [တော်လှန်ရေးအဖွဲ့များ] ကို ငွေကြေးထောက်ပံ့နေတာ မှန်တယ်ဆိုရင်တော့ သင်ခန်းစာပေးဖို့လိုတယ်။ အဲဒီရွာတွေကို မြန်မာနိုင်ငံမြေပုံကနေ အစဖျောက်ပစ်ရမယ်။ ဒါက ကျနော်တို့ အမြစ်ဖြုတ်ချေမှုန်းပစ်ရမဲ့ဟာပဲ ဖြစ်တယ်။"


တော်လှန်ရေးလှုပ်ရှားမှု ပြင်းထန်သော နယ်မြေဒေသတို့ကို အကြိမ်ကြိမ်တိုက်ခိုက်ခြင်းသည် အသက်အိုးအိမ်စည်းစိမ်များကို ပျက်စီးဆုံးရှုံးစေရုံသာ မကပဲ လယ်ယာနှင့် ကောက်ပဲသီးနှံများကို ပစ်မှတ်ထား၍ ဖျက်ဆီးကာ အသက်မွေးဝမ်းကျောင်း စားဝတ်နေရေး လုပ်ငန်းများကို ဆုံးရှုံးစေသောကြောင့်ကြောင့် နဂိုကတည်းက ထိခိုက်လွယ်သော ရပ်ရွာလူထုအတွက် အလွန်တရာ လုံခြုံမှုမရှိခြင်းကို ဖြစ်စေနိုင်သည်။ ယင်းသည် စစ်အစိုးရကို ဆန့်ကျင်သည်ဟုယူဆကာ လူထုအား အစုလိုက်အပြုံလိုက် ရက်ရက်စက်စက် အပြစ်ပေးဒဏ်ခတ်သည့် နည်းဗျူဟာများထဲက တခုလည်းဖြစ်သည်။ ဖြစ်စဉ်များစွာတွင် မြေပြင်မှထိုးစစ်ဆင် စီးနင်းမှုများမပြုလုပ်မီ အမြောက်ပစ်ခတ်မှုသို့မဟုတ် လေကြောင်းတိုက်ခိုက်မှုတို့ကို ရှေ့ပြေးလုပ်ဆောင်ခဲ့သောကြောင့် ရွာသားများ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး မြန်မာနိုင်ငံတွင် လူအများအပြား အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။


ဤဖိနှိပ်မှုယန္တရားများမှတဆင့် စစ်အုပ်စုသည် အာဏာသိမ်းချိန်မှစ၍ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတဝှမ်း၌ လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျ ကျယ်ပြန့်စွာ ကျူးလွန်နေကြောင်း သက်သေအထောက်အထားများက ပြသလျက်ရှိသည်။ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများသာမက ၎င်းတို့၏ မိသားစုများ အပါအဝင် ဖမ်းဆီးခံထားရသူ ထောင်ပေါင်းများစွာနှင့် သက်ဆိုင်သည့် အချက်အလက်တို့ကို အေအေပီပီက မှတ်တမ်းတင်ထားသည်။ စစ်တပ်၏ လုပ်ရပ်ကြောင့် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရပြီးဖြစ်ကာ ၎င်းတို့ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

## သတ်ဖြတ်ခြင်း

အေအေပီပီက ကောက်ယူရရှိထားသည့် အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် စစ်အုပ်စုနှင့် ၎င်းတို့ကိုထောက်ခံသူများ၏ သတ်ဖြတ်မှုကြောင့် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူ အယောက် (၁၆၃၅) သေဆုံးခဲ့ရပြီး၊ လက်ရှိ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်နေ့အချိန်ထိ ၂၀၂၄ ခုနှစ်အတွင်း ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူ အယောက် (၁၂၁၆) သေဆုံးခဲ့ရကာ လက်တွေ့မြေပြင်ရှိ သေဆုံးသူအရေအတွက်မှာ စာရင်းရထားသည်ထက် ပိုမိုများပြားဖွယ်ရှိသည်။

သေဆုံးရသည့်အကြောင်းရင်း-အထူးအခြေအနေများ
၁၊ ဖေဖော်ဝါရီ ၂၀၂၁ မှ ၂၅၊ ဇူလိုင် ၂၀၂၄ ခုနှစ်အထိ






# သတ်ဖြတ်ခံရသူများ မှတ်တမ်းမှတ်ရာစာရင်း

## ၁၊ ဇန်နဝါရီ ၂၀၂၃ မှ ၂၆၊ ဇူလိုင် ၂၀၂၄ ခုနှစ်အထိ

# ၄၁၉ ( နောက်ဆုံးရရှိ )

**ဆန္ဒပြနေစဉ်အတွင်း ဖြိုခွင်းသတ်ဖြတ်ခံရမှုး ၁၊ ဖေဖော်ဝါရီ ၂၀၂၁ မှ ၂၉ ဇူလိုင် ၂၀၂၄ ခုနှစ်အထိ**

## ဆန္ဒပြနေစဉ်အတွင်း ဖြိုခွင်းသတ်ဖြတ်ခံရမှု

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုကို ဆန့်ကျင်တုံ့ပြန်သည့် အနေဖြင့် နိုင်ငံတဝှမ်းတွင် ဆန္ဒပြပွဲများ ပေါ်ပေါက်လာသောအခါတွင် ရာထူးကြီးစစ်အစိုးရအရာရှိများက ဆန္ဒပြသူများကို ပစ်သတ်ရန် စစ်သားများနှင့် ရဲများအား အမိန့်ပေးခဲ့ပြီး အေအေပီပီက ကောက်ယူရရှိထားသည့် အချက်အလက်များအရ ယင်းဆန္ဒပြပွဲများအတွင်း သေဆုံးခဲ့ရသူ (၄၁၉) ဦး ရှိကြောင်း သိရှိရသည်။ စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့က ဆန္ဒပြပွဲများကို ဖိနှိပ်ဖြိုခွဲရာတွင် လက်နက်မဲ့ ဆန္ဒပြသူများကို ပစ်မှတ်ထားတိုက်ခိုက်သည့် စစ်ရေးနည်းဗျူဟာများ အသုံးပြု၍ သေစေလောက်သော လက်နက်များဖြစ်သည့် မောင်းပြန်ရိုင်ဖယ်များနှင့် စနိုက်ပါသေနတ်များကို အသုံးပြုခဲ့ကြသည်။ အေအေပီပီက တင်ပြချက်အရ ဆန္ဒပြသူအများအပြားသည် ဦးခေါင်း သို့မဟုတ် ရင်ဘတ်ကို တိုက်ရိုက်ပစ်ခတ်ခြင်းခံခဲ့ရသောကြောင့် စစ်အုပ်စုဖက်က သေစေလိုသော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်ခဲ့ကြောင်းကို ထုတ်ဖော်ပြသနေသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR) က ထုတ်ပြန်သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အဆိုအရ ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း စစ်အုပ်စုသည် ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများ၊ အစိုးရအရာရှိဟောင်းများ၊ နိုင်ငံရေးသမားများကို စစ်တပ်၏ နိုင်ငံရေးအတိုက်အခံများစာရင်းထဲ ထည့်သွင်းထင်မြင်နေဆဲ ဖြစ်ပါသည်။

ဆန္ဒပြပွဲများကို စစ်တပ်က ပြင်းပြင်းထန်ထန် နှိမ်နှင်းခဲ့ပြီး လူအများအပြားမှာ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို ရွေးချယ် တိုက်ပွဲဝင်ခဲ့ကြသည်။ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်များအတွင်း အရပ်သားများသည် ပြောက်ကျားဆန္ဒပြပွဲများ ဆက်လက်လုပ်ဆောင်ခဲ့ပြီး အကျိုးဆက်အနေဖြင့် လူ (၅) ဦးသေဆုံးခဲ့သည်။ လက်နက်မဲ့အရပ်သားများကို သတ်ဖြတ်မှုသည် တော်လှန်ရေးအင်အားစုများကို အားနည်း၍ပျက်သုဉ်းစေရန် ကြိုးပမ်းခြင်းဖြစ်သည်။ ဆန္ဒပြသူများကို ပစ်မှတ်ထား ပစ်ခတ်ခြင်းအပြင် လူစုလူဝေးအတွင်းသို့ ရမ်းသမ်းပစ်ခတ်ခြင်းတို့သည် နစ်နာခံစားရသူများ/အသက်ရှင်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများအတွက် ထိတ်လန့်ခြောက်ခြားမှု လွှမ်းမိုးစေသည်။ လက်နက်မဲ့အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို သတ်ဖြတ်ခြင်းသည် စစ်အာဏာရှင်တို့၏ လူ့အသက်ကို လုံးလုံးလျားလျား တန်ဖိုးမထား၊ လျစ်လျူရှု မျက်ကွယ်ပြုချက်နှင့် သဘောထားကွဲလွဲမှုမှန်သမျှကို အင်အားသုံးချိုးနှိမ်လွှမ်းမိုးရန် ၎င်းတို့စိတ်ပိုင်းဖြတ်ထားသည့် ဆုံးဖြတ်ချက်ကို မီးမောင်းထိုးပြနေသည်။ ၎င်းသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းမှ ဖြစ်ပေါ်လာသည်မဟုတ်ဘဲ လူထောင်ချီသေဆုံးခဲ့ရသော ၁၉၈၈ ခုနှစ်က ဆန္ဒပြပွဲများကဲ့သို့ အလားတူ ဆန္ဒပြမှုဖြစ်စဉ်များအတွင်းလည်း စစ်အုပ်စု၏ ဖြိုခွင်းမှုတို့ကြောင့် သေဆုံးခဲ့ရသူများရှိသည်။

## ၁၁၃ (နောက်ဆုံးရရှိ)

အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခံရမှုများ ၁ ဇန်နဝါရီ ၂၀၂၃ မှ ၂၉ ဇူလိုင် ၂၀၂၄ ခုနှစ်အထိ

# အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခံရမှု

စစ်အုပ်စုက အသားပေးလုပ်ဆောင်သည့် နောက်ထပ် ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုတခုသည် လူများကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်းဖြစ်သည်။ အေအေပီပီက ကောက်ယူရရှိထားသည့် အချက်အလက်များအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့ ကာလအတွင်း စစ်အစိုးရက ဒီမိုကရေစီ လိုလားသူ (၂၀၇) ဦးကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည်ကို သိရှိရသည်။ ၎င်းတို့၏ 'ဖြတ်လေးဖြတ်' ဗျူဟာ၏ တစိတ်တပိုင်းအနေဖြင့် စစ်တပ်က ၎င်းတို့၏ နယ်မြေများကို လက်လွတ်ဆုံးရှုံးခဲ့ရခြင်းအတွက် တုံ့ပြန်ရာတွင် ကျေးရွာများကို မီးရှို့ဖျက်ဆီးရုံသာမက အရပ်သားများကိုပါ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည်။

၂၀၂၃ ခုနှစ် မေလ ၁၉ ရက်နေ့တွင် စစ်အုပ်စုတပ်သားများက ပဲခူးတိုင်းဒေသကြီး၊ ညောင်ပင်သာကျေးရွာအနီးတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် ကရင် EAO အဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲပြီး နာရီအနည်းငယ်အကြာတွင် စစ်အုပ်စုတပ်သားများက ညောင်ပင်သာကျေးရွာကို ဝင်ရောက်စီးနင်းခဲ့ပြီး ကလေးငယ် ၈ ဦးအပါအဝင် အရပ်သား ၁၉ ဦးကို ဖမ်းဆီးကာ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည်ဟု ဒေသခံတို့၏ ပြောကြားချက်အရ သိရှိရသည်။ အဆိုပါ အရပ်သား ၁၉ ဦးသည် ဒီမိုကရေစီလိုလားသူ အင်အားစုများနှင့် ပြတ်ပြတ်သားသား ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ဆက်နွယ်မှုမရှိဘဲ မဆိုင်သူကြားနေအရပ်သားများသာ ဖြစ်သဖြင့် ဤကဲ့သို့ မီးရှို့သတ်ဖြတ်ခဲ့ခြင်းသည် စစ်တပ်၏ လူ့အသက်ကို ပြောင်ပြောင်တင်းတင်း လျစ်လျူရှု တန်ဖိုးမထားမှုကို ဖော်ပြနေသည်။

ညောင်ပင်သာကျေးရွာအနီးတဝိုက်တွင် စစ်အုပ်စုနှင့် ဒီမိုကရေစီလိုလားသူ အင်အားစုများအကြား တိုက်ပွဲများ ဖြစ်ပွားပြီးနောက် စစ်တပ်က ထိုရွာကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။ ရွာတွင်းနေထိုင်သူများကို ထိုသို့ပစ်မှတ်ထားခြင်းသည် စစ်အုပ်စုအနေနှင့် လူတဦးတယောက်ချင်း၊ ၎င်းတို့၏ မိသားစုဝင်များ၊ ရပ်ရွာလူထုတခုလုံးကို အတိုက်အခံအင်အားစုတို့နှင့် ဆက်နွယ်မှုရှိရှိ၊ မရှိရှိ အကြောက်တရားဖြင့် စိတ်ဒဏ်ရာရ ဦးကျိုးအောင်လုပ်ကာ တော်လှန်ရေးလှုပ်ရှားမှုကို ဖိနှိပ်ချုပ်ချယ်ရန် စိတ်ပိုင်းဖြတ်ထားသည့် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ပိုမိုထင်ရှားပေါ်လွင်စေပါသည်။

လတ်တလော ဥပမာတခုအနေဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့၊ နံနက် ၄ နာရီ ၄၅ မိနစ်ခန့်တွင် စစ်တပ်က မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ လက်ဝဲမြင်းနီကျေးရွာအတွင်းသို့ ၆၀ မမ အမြောက်ကျည်ဖြင့် (၁၀) ကြိမ်၊ ၄၀ မမ အမြောက်ကျည်ဖြင့် (၅) ကြိမ် ပစ်ခတ်ခဲ့ရာ ရွာရှိနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။ အခင်းဖြစ်ပွားချိန်တွင် အသက် ၉၀ ဝန်းကျင်အရွယ် လုံးနှင့် ဖအောင်၊ အသက် ၈၀ ဝန်းကျင်အရွယ် ကျော်အေးနှင့် ဟန်ငြိမ်း၊ လေဖြတ်နေသည့် ရန်နိုင်ထွေးတို့သည် ၎င်းတို့၏ အိမ်အသီးသီးထဲ၌ ပိတ်မိကာ မီးလောင်သေဆုံးသွားခဲ့သည်။

# ၁၈၇၂ ( နောက်ဆုံးရရှိ )

## အာဏာသိမ်းပြီးနောက်ပိုင်း ထိန်းသိမ်းခံထားရစဉ် နိုင်ငံရေးအကျဉ်းသားများ သေဆုံးမှုများ ၂၉ ဇူလိုင် ၂၀၂၄ ခုနှစ်အထိ

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့အထိ စစ်အစိုးရက နိုင်ငံတဝှမ်း ဖမ်းဆီးထိန်းသိမ်းခံထားသော လူပေါင်း (၉၂၀) ဦးထက်မနည်းကို သတ်ဖြတ်ခဲ့ပြီးဖြစ်၍ ထိုစာရင်းပါ ကိန်းဂဏန်းသည် စစ်အစိုးရနှင့် ၎င်းတို့၏ မဟာမိတ်များက ဖမ်းဆီးခြင်း သို့မဟုတ် ဖမ်းမိခြင်း သို့မဟုတ် အတင်းအဓမ္မခေါ်ဆောင်ခြင်းတို့ကို လုပ်ဆောင်ပြီးနောက် ဖမ်းဆီးထိန်းသိမ်းထားစဉ်တွင် သေဆုံးခဲ့ရသူများကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းတို့အတွင်း အတင်းအဓမ္မပျောက်ဆုံးမှု ဖြစ်စဉ်များလည်း တိုး၍လာပါသည်။

အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသားများကို သတ်ဖြတ်ခြင်းသည် စစ်အုပ်စုက ကျင့်သုံးသည့် ဖိနှိပ်မှုယန္တရားများအနက်မှ တခုဖြစ်ပြီး ဒီမိုကရေစီအရေးလှုပ်ရှားမှု၏ အစိတ်အပိုင်းတခုဟု အများသိကြသည့် လူပုဂ္ဂိုလ်များကို သတ်ဖြတ်ခြင်းသည် အခြားသော နိုင်ငံရေးအကျဉ်းသားများနှင့် စစ်အုပ်စုကို ဆန့်ကျင်သည့် ကျယ်ပြန့်သော လူထုထံသို့ စစ်တပ်ကိုဆန့်ကျင်ပါက သေလောက်စေသောအကျိုးဆက်များ ရှိလိမ့်မည်ဟု အဓိပ္ပာယ်သက်ရောက်သည့် သတိပေးကြေညာချက်တခုကို ပေးပို့လိုက်ခြင်းဖြစ်သည်။ ထို့သို့လုပ်ဆောင်ခြင်းအားဖြင့် စစ်အုပ်စု၏အုပ်ချုပ်မှုကို ဆန့်ကျင်သူများအနေဖြင့် စဉ်ဆက်မပြတ် ကြောက်ရွံ့နေစေရန်သော်လည်းကောင်း၊ ယင်းကြောက်ရွံ့မှုကြောင့် ၎င်းတို့၏ စစ်အုပ်စုအပေါ်ဆန့်ကျင်မှုကို စွန့်လွှတ်စေရန်သော်လည်းကောင်း သေချာစေသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် အင်အား ၂၀ ခန့်ရှိသော ရဲနှင့် စစ်သားများက ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၊ မိုင်းလီ (၁) ရပ်ကွက်၌ နေထိုင်သော ရဲဇော်ဟိန်းကို နေအိမ်အတွင်း လာရောက်ဖမ်းဆီးခဲ့ပြီး တောင်ကြီးမြို့၊ စစ်ဘက်ရေးရာလုံခြုံရေး တပ်ဖွဲ့ရုံး၌ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ကျောဘက်တွင် မီးမြှိုက်ထားသည့်ဒဏ်ရာ၊ ခြေဖဝါးလှီးဖြတ်ထားသည့်ဒဏ်ရာ၊ ခေါင်းတခြမ်းရောင်နေသည့်ဒဏ်ရာများဖြင့် ၎င်းအား ညောင်ရွှေမြို့၊ ခိုင်မေတ္တာဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ဒီဇင်ဘာလ ၁၈ ရက်နေ့၊ ညနေ ၆ နာရီခွဲအချိန်တွင် သေဆုံးခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်တရားရုံးက ထက်ရန်နိုင် (ခ) ထက်ထက် (ခ) ငထက်ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က) ဖြင့် ထောင်ဒဏ် ၄ နှစ် အမိန့်ချမှတ်ခဲ့သည်။ ထို့နောက် မန္တလေးတိုင်း၊ မန္တလေးမြို့၊ အိုးဘိုအကျဉ်းထောင်၊ အမျိုးသားအိပ်ဆောင် ၃ အတွင်း၌ အကျဉ်းချခြင်းခံထားပြီး ၎င်းသည် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့၊ နံနက် ၇ နာရီခန့်အချိန်တွင် အကျဉ်းထောင်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်နေမှုကို တိုင်တန်းရန်ကြိုးပမ်းမှုဖြင့်

# အကြမ်းဖက်သတ်ဖြတ်မှုများ

အကျဉ်းခန်းစာရေးဖြစ်သူ အကျဉ်းသားတဦးနှင့် စကားများခဲ့ကြသည်။ ထိုစဉ် အကျဉ်းခန်းတန်းစီး၏ ဝင်ရောက်ဖြေရှင်းမှုဖြင့် ထက်ရန်နိုင် (ခ) ထက်ထက် (ခ) ငထက်ဘက်က ကြေအေးပေးခဲ့သော်လည်း အကျဉ်းခန်းစာရေးဖြစ်သူ အကျဉ်းသားက အဆောင် (၃) ၏ ဒုတိယအဆောင်မှူး တပ်ကြပ်ဇေယျာအောင်ထံ တိုင်ကြားခဲ့သည်။ အဆောင်မှူးက ဖြစ်စဉ်ကို စုံစမ်းခြင်းမရှိဘဲ ထက်ရန်နိုင် (ခ) ထက်ထက် (ခ) ငထက်အား အကြောင်းမဲ့ ရိုက်နှက်သဖြင့် ၎င်းတွင် အပြစ်မရှိ၍ မရိုက်နှက်သင့်ကြောင်း ပြန်လည်ပြောဆိုသည်ကို မချေမငံဆက်ဆံသည်ဟုဆိုကာ ဒေါက်ခြေချင်းခတ်၍ အပြစ်ပေးရန် ထောင်ပိုင်လေးဇော်ထွန်း၏ ခွင့်ပြုချက်ဖြင့် Main Jail သို့ ခေါ်ဆောင်ကာ တပ်ကြပ်ဇေယျာအောင်၊ တပ်သားမြတ်မင်းသူ၊ တပ်သားမိုးမင်းထက်၊ အကျဉ်းသားဖိုးကေနှင့် အခြားအကျဉ်းထောင်ဝန်ထမ်းများမှ ဝါးဆစ်ပိတ်တုတ်များ၊ သံတုတ်များ၊ ကျဉ်စက်များဖြင့် ဝိုင်းဝန်းရိုက်နှက်နှိပ်စက်ခဲ့သည်။ ထက်ရန်နိုင် (ခ) ထက်ထက် (ခ) ငထက်သည် ဝိုင်းဝန်းရိုက်နှက်နေခြင်းမှ လွတ်မြောက်ရန် ကြိုးပမ်းခဲ့သော်လည်း အိပ်ဆောင် ၅ စိုက်ခင်းတွင် ထပ်မံ၍ ရိုက်နှက်ခံခဲ့ရသည်။ ရိုက်နှက်ခံရသောကြောင့် ခန္ဓာကိုယ်နှင့် ဦးခေါင်းတွင် နှိပ်စက်ခံရသည့်အတိုင်း ဒဏ်ရာများ ရရှိကာ နံနက် ၁၀ နာရီဝန်းကျင်အချိန်၌ ဘီးတပ်ကုလားထိုင်ပေါ်တွင် ကြိုးတုတ်လျက် အကျဉ်းထောင်ဆေးရုံသို့ ခေါ်ဆောင်သွားသော်လည်း လုံလောက်သောဆေးဝါးကုသမှု မပေးဘဲ ဆေးရုံဝင်းအတွင်း စိတ်ကျန်းမာရေးကောင်းမွန်ခြင်းမရှိသူများကို ထားရှိသည့်သီးသန်းခန်းတွင် ပိတ်လှောင်ထားခဲ့သည်။ အကျဉ်းထောင်က တာဝန်ရှိသူများသည် နေ့လယ် ၁ နာရီကျော်ခန့်အချိန်တွင်မှ ၎င်းကို မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပို့ဆောင်ပြီး ဆေးရုံကြီး၌ သေဆုံးခဲ့သည်။ ထောင်အာဏာပိုင်များက ထက်ရန်နိုင် (ခ) ထက်ထက် (ခ) ငထက်သည် နှလုံးဖောက်ပြီး သေဆုံးသည်ဟုဆိုကာ မိသားစုထံ ဇွန်လ ၂၂ ရက်နေ့တွင် ရုပ်အလောင်းအား ပေးအပ်ခဲ့သည်။

ဖမ်းဆီးခံထားရသူများ၏ ကျယ်ပြန့်စုံလင်သော ဒဏ်ရာမျိုးစုံကို မှတ်တမ်းတင်ထားပြီး ထိုဒဏ်ရာတို့သည် ညှဉ်းပန်းနှိပ်စက်မှုနှင့် ကောင်းမွန်စွာမထားရှိမှုတို့မှ ဖြစ်ပေါ်လာသော ဒဏ်ရာများနှင့် ဆက်လက်ကိုက်ညီနေလျက်ရှိသည်။ ဖမ်းဆီးထိန်းသိမ်းခံနေရစဉ်အတွင်း ပြင်းထန်စွာရိုက်နှက်ခြင်း၊ ပုံစံထိုင်ရခြင်း၊ အငတ်ထားခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းတို့ကို ကြုံတွေ့ရသည်ဟု ညှဉ်းပန်းနှိပ်စက်ခြင်းမှ လွတ်မြောက်လာသူများက ဆိုကြသည်။ စစ်အစိုးရသည် အထူးသဖြင့် စစ်ကြောရေးလုပ်ဆောင်စဉ်အတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသူများထံမှ သတင်းအချက်အလက်များကို ထုတ်ယူရန် ညှင်းပန်းနှိပ်စက်မှုများကို အားထားအသုံးပြုနေကြသည်။ တချိန် က ထိုသို့ လုပ်ဆောင်မှုတို့သည် ဆန္ဒပြပွဲများ၏ ခေါင်းဆောင်များကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့သော်လည်း၊ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်များတွင် အချက်အလက်များ ရယူရန်နှင့် စစ်အုပ်စုဆန့်ကျင်ရေးအဖွဲ့များနှင့် ဆက်နွယ်ကြောင်းကို ဝန်ခံစေရန် ဤကဲ့သို့သော ညှင်းပန်းနှိပ်စက်မှုများကို အသုံးပြုလျက်ရှိသည်။

# ခေါင်းဖြတ်သတ်ခံရခြင်း

စစ်အုပ်စုသည် ၎င်းတို့၏ အဆိုးတကာ့ အဆိုးရွားဆုံး အကြမ်းဖက်မှုတခု ပုံစံအနေဖြင့် ခေါင်းဖြတ်သတ် ခြင်းကို အသုံးချကျူးလွန်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ခေါင်းဖြတ်သတ်မှု (၁၅) ကြိမ်နှင့် ၂၀၂၄ ခုနှစ်တွင် ခေါင်းဖြတ်သတ်မှု (၁၆) ကြိမ် ဖြစ်ပွားခဲ့ကြောင်း အေအေပီပီက အတည်ပြုခဲ့သည်။



၎င်းတို့ အာဏာသိမ်းမှုဆန့်ကျင်သည့် လူပုဂ္ဂိုလ်များအပြင် တိုင်းရင်းသား ဒေသများတွင် စစ်တပ်က ၎င်းတို့အတွက် အန္တရာယ်ရှိသည်ဟု ရှုမြင်သတ်မှတ်ခံရထားသူများကို ပစ်မှတ်ထားခြင်းကဲ့သို့ ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်မျိုးတို့သည် စစ်အုပ်စု၏ ဖိနှိပ်မှုယန္တရားလည်ပတ်ပုံနှင့်ပတ်သက်၍ ထင်ရှားသော ဥပမာတခုဖြစ်ပါသည်။ တချိန်တည်းမှာပင် ရက်စက်စွာသတ်ဖြတ်ထားသည့်ရုပ်အလောင်း များကို လူသိရှင်ကြားခင်းကျင်းပြသခြင်းသည် ပြည်သူများအကြားထိတ်လန့်ခြောက်ခြားမှု လွှမ်းမိုးစေရန်နှင့် တော်လှန်ရေးအတွင်း မပါဝင်ရဲအောင် အရပ်သားလူထုအများအတွင်း ကြောက်လန့်စေရန် လုပ်ဆောင်ခြင်းဖြစ်သည်။

ထိုကဲ့သို့ ဖြစ်စဉ်တရပ်သည် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ လက်တီးကျေးရွာတွင် ဖြစ်ပွားခဲ့သည်။ အဆိုပါကျေးရွာအတွင်း စစ်အစိုးရတပ်များက ဝင်ရောက်စီးနင်းကာ မည်သည့်သက်သေအထောက်အထားမျှ မရှိဘဲ လင်းဟုခေါ်သော ဒေသခံတဦးကို ဖမ်းဆီးကာ ခေါင်းဖြတ်သတ်ခဲ့သည်ဟု သတင်းရရှိခဲ့သည်။

၂၀၂၃ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင်လည်း စစ်အုပ်စုတပ်သားများက လှစိုးအောင်အား အလားတူ ခေါင်းဖြတ်၍ သတ်ဖြတ်မှု ဖြစ်ပွားခဲ့သော်လည်း ယင်းဖြစ်စဉ်တွင် ထိုခေါင်းဖြတ်သတ်မှုအပြင် စစ်သားအယောက် ၁၀၀ ကျော်က စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ နဘေပင်လှကျေးရွာကို ဝင်ရောက်စီးနင်းကာ မီးရှို့ဖျက်ဆီးသည့် ဖြစ်စဉ်လည်းဖြစ်ခဲ့သည်။ ရွာကိုဝင်ရောက်စီးနင်းစဉ်အတွင်း စစ်အုပ်စုတပ်သားများက လှစိုးအောင်ကို ခေါင်းဖြတ်သတ်ခဲ့ပြီးနောက် အလောင်းကို မီးရှို့ခဲ့သည်။

**27,056**

၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် တလျှောက်လုံးတွင် အာဏာသိမ်းမှုကို ဆန့်ကျင်ဖို့ရန် ၎င်းတို့၏ အခြေခံအခွင့် အရေးများဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်း ခွင့်တို့ကို ကျင့်သုံးနေသော အရပ်သားများကို စစ်အုပ်စုက ဖိနှိပ်ချုပ်ချယ်သည့်အနေဖြင့် တရားလက် လွတ် ဖမ်းဆီးထိန်းသိမ်းခြင်းများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် နိုင်ငံရေးအကျဉ်း သား စုစုပေါင်း (၂၃၈၄) ဦး ဖမ်းဆီးခံခဲ့ရပြီး ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်အထိ (၄၃၈) ဦး ဖမ်းဆီးခံခဲ့ရ သည်ဟု အေအေပီပီအနေနှင့် မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ လက်တွေ့မြေပြင်ရှိ အမှန်တကယ် ဖမ်းဆီးခံရသူ အရေအတွက် မှာ စာရင်းရထားသည်ထက် ပိုမိုများပြား ဖွယ်ရှိသည်။

အာဏာသိမ်းပြီးပြီးချင်း စစ်အုပ်စုက ၎င်းတို့ကို ဝေဖန်သူ များ၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အဖွဲ့ဝင်များ၊ နာမည်ကြီး လူ့အခွင့်အရေးကာကွယ်သူများကို တရားလက်လွတ် ဖမ်းဆီးခဲ့သည်။ အာဏာ သိမ်းမှုကို ဆန့်ကျင်ရှုတ်ချသည့်ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားနေချိန်စဉ် စစ်အုပ်စုက ရဲတပ်ဖွဲ့အား အဓိကရုဏ်းနှိမ်နင်းရေး လက်နက်တို့ဖြင့် ဆန္ဒပြသူများကို ပစ်ခတ်ရန်နှင့် ကြိုတင်ခွင့်ပြုချက် သို့မဟုတ် ဖမ်းဝရမ်းတို့ကို ရယူဖို့မလိုအပ်ဘဲ လူတဦးတယောက်ချင်းစီကို အခင်းဖြစ်ပွားရာနေရာ၌ ဖမ်းဆီးရန် အမိန့်ပေးခဲ့သည်။ ယခုအခါ စစ်အစိုးရက လူထုဆန္ဒပြပွဲများကို ဖိနှိပ်ချုပ်ချယ်မှုကြောင့် လက်နက်ကိုင် တော်လှန်ရေးအဆင့်သို့ ပြောင်းလဲလာသည်နှင့်အမျှ စစ်အုပ်စုဆန့်ကျင်ရေးနှင့် လက်နက်ကိုင် အတိုက် အခံအဖွဲ့များနှင့် ဆက်နွယ်မှုကြောင့် ဖမ်းဆီးခံရသူ အရေအတွက်မှာလည်း တိုး၍လာခဲ့ သည်။

၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် ဖမ်းဆီးထိန်းသိမ်းခံရသူ လူပေါင်း (၆၀၂) ဦးရှိကာ မြန်မာနိုင်ငံရှိ တိုင်းနှင့်ပြည်နယ်တို့အနက် ဖမ်းဆီးထိန်းသိမ်းခံရသူဦးရေ အများဆုံးဖြစ် ပြီး၊ မန္တလေးတိုင်းတွင် ဖမ်းဆီးထိန်းသိမ်းခံရသူ လူပေါင်း (၄၄၇) ဦးဖြင့် ရန်ကုန်တိုင်းပြီးလျှင် ဖမ်းဆီး ထိန်းသိမ်းခံရသူဦးရေ ဒုတိယအများဆုံး တိုင်းနှင့်ပြည်နယ် ဖြစ်နေသည်။

အေအေပီပီ၏ တွေ့ဆုံမေးမြန်းမှုများနှင့် သုတေသနပြုချက်များမှ အောက်ပါ တွေ့ရှိချက်များကို ရရှိခဲ့သည် ။

ဖမ်းဆီးမှု

- စစ်အုပ်စုက ပစ်မှတ်ထားသူများသည် ငြိမ်းချမ်းစွာဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ကြသော လူပုဂ္ဂိုလ်များ သို့မဟုတ် ဒီမိုကရေစီလိုလားသော ထင်မြင်ချက်များကို ဖော်ထုတ်ပြသခဲ့ကြသော လူပုဂ္ဂိုလ်များအပါအဝင် CDM လှုပ်ရှားမှု (Civil Disobedience Movement) ကို ထောက်ခံသူများ သို့မဟုတ် လက်နက်ကိုင် တော်လှန်ရေးတွင် ပါဝင်လှုပ်ရှားသူများဖြစ်သည်။

- စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှု ဆိုးရွားပုံမှာ ၎င်းတို့ ဖမ်းဆီးလိုသောပစ်မှတ်ကို ရှာမတွေ့နိုင်သည့် အခြေအနေမျိုးတွင် ဓားစာခံများအဖြစ် အရွယ်မရောက်သေးသူများအပါအဝင် ပစ်မှတ်၏မိသားစုဝင်များကို ဖမ်းဆီးခြင်းတို့ကို လုပ်ဆောင်သည်။ ယင်းမှာ စစ်အုပ်စုက ဒီမိုကရေစီလိုလားသူများဟု သံသယရှိ၍ ဖမ်းဆီးရန်ရည်ရွယ်ထားသူများကို ဖိအားပေးသည့် နည်းလမ်းတခုအဖြစ် အသုံးပြုနေခြင်းဖြစ်သည်။ အေအေပီပီက ကောက်ယူရရှိထားသည့် မှတ်တမ်းများ အရ အာဏာသိမ်းချိန်ကတည်းက ထိုသို့သော "ဓားစာခံဖမ်းဆီးခြင်း" အမှုပေါင်း (၃၄၅) မှုရှိခဲ့ သည်။


- စစ်အုပ်စုက ၎င်းတို့ပစ်မှတ်ထားသူများကို ဖမ်းဆီးထိန်းသိမ်းထားသည့် ဖြစ်စဉ်များတွင်လည်း ပိုင်ဆိုင်မှုများကို ချိတ်ပိတ်သိမ်းဆည်းခြင်း အပါအဝင် ပစ်မှတ်၏ မိသားစုဝင်များအား ခြိမ်းခြောက်ခြင်း၊ ရိုက်နှက်ခြင်း၊ ဥပဒေမဲ့တိုက်ခိုက်ခြင်းများကို မကြာခဏ လုပ်ဆောင်ခြင်းကြောင့် စစ်အုပ်စုက ၎င်းတို့၏ မိသားစုဝင်များကိုလည်း လွှတ်၍မထားကြောင်းကို တွေ့ရသည်။ ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားမှုကြောင့် တရားလက်လွတ် ဖမ်းဆီးခံထားရသောသူတို့၏ မိသားစုဝင်များကို ခြိမ်းခြောက်ခြင်းနှင့် အပြစ်ဒဏ်ပေးခြင်းတို့က ဖော်ပြနေသည်မှာ ထိုတရားလက်လွတ်ဖမ်းဆီးခြင်းသည် အဖမ်းခံရသူတဦးတယောက်ချင်းစီအပေါ်သာ သက်ရောက်မှုရှိသည်မဟုတ်ဘဲ ယင်းထက်ကျော်လွန်၍ ၎င်းမိသားစုဝင်များနှင့် မှီခိုသူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို အကျိုးဆက်အနေဖြင့် ထိခိုက်ပျက်စီးအောင် လုပ်ဆောင်သည့် ဗျူဟာတခု အနေဖြင့် ရှိနေသည်ကို ဖော်ပြခြင်းဖြစ်သည်။

- အေအေပီပီ AAPP က လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားတို့နှင့် တွေ့ဆုံမေးမြန်းမှုများတွင် ပြောကြားချက်များအရ ၎င်းတို့ကို မတရားပုဒ်မများဖြင့် ဖမ်းဆီးထိန်းသိမ်းထားချိန်တွင် ဖမ်းဝရမ်း သို့မဟုတ် ရှာဖွေဝရမ်းထုတ်ထားခြင်း မရှိကြောင်း တွေ့ရှိခဲ့ရပြီး၊ ယင်းမှာ ဤဖမ်းဆီးထိန်းသိမ်းမှုတို့၏ နောက်ကွယ်တွင် နိုင်ငံရေးရည်ရွယ်ချက်ရှိပြီး ၎င်းသည် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများကို တိုက်ရိုက်ပစ်မှတ်ထား တုံ့ပြန်ခြင်းဖြစ်သည်ကို ဖော်ပြနေသည်။

နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့မိသားစုဝင်များထံမှ သက်သေထွက်ဆိုချက်တို့အရ စစ်အုပ်စုသည် အဆိုပါ ဖမ်းဆီးခြင်းများကို လုပ်ဆောင်ရာ၌ လူတဦးတယောက်ချင်းစီ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကိုပါ ထိခိုက်စေအောင် အင်အားအလွန်အကျွံ အသုံးပြုလေ့ရှိကြောင်း သိသာထင်ရှားနေသည်။ အဖမ်းအဆီးခံရချိန်၌ စစ်အုပ်စုက အကြမ်းဖက်မှုကို ချက်ချင်းလက်ငင်းအသုံးချခြင်းသည် ၎င်းတို့၏ အုပ်ချုပ်မှုကို ဆန့်ကျင်သူ တဦးတယောက်ချင်းစီအပေါ် ၎င်းတို့ အာဏာလွှမ်းမိုးမှုနှင့် ချုပ်ကိုင်မှုကို သရုပ်ပြကာ စစ်အစိုးရအပေါ် ဆန့်ကျင်မှုကို ထိုးနှက်ပျက်ပြားအောင်လုပ်သည့် နည်းဗျူဟာတခုဖြစ်ကြောင်း ထင်ရှားသည်။ ဖမ်းဆီးခံရချိန်၌ အကြမ်းဖက်မှုနှင့် ထိခိုက်စော်ကားမှုများ လုပ်ဆောင်ခြင်းသည် လူတဦးတယောက်ချင်းစီအတွက် ကြောက်ရွံ့မှုဖြစ်စေပြီး ၎င်း၏မိသားစုနှင့် ရပ်ရွာလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးတိုးပွားစေသည်။

၂၀၂၃ ခုနှစ်တွင် စစ်အုပ်စု၏ အကြမ်းဖက်မှုခံစားရသူ အယောက် (၃၀) ကို အေအေပီပီက တွေ့ဆုံမေးမြန်းခဲ့ပြီး ဖြေဆိုသူအများစုမှာ ၎င်းတို့၏နေအိမ်တွင် ရှိနေစဉ်သော်လည်းကောင်း၊ နေအိမ်သို့ ပြန်လာစဉ်သော်လည်းကောင်း ဖမ်းဆီးခံခဲ့ရကာ အချို့မှာ ၎င်းတို့၏မိသားစုဝင်များအရှေ့၌ ရိုက်နှက်ခြင်း၊ နှုတ်ဖြင့် စော်ကားခြင်းတို့ကိုလည်း ခံခဲ့ရသည်။

လှုံ့ဆော်ချက် သို့မဟုတ် သိသိသာသာ လိုအပ်ချက်မရှိဘဲ ချက်ချင်းလက်ငင်းအကြမ်းဖက်မှုဖြင့် ပြန်လည်တုံ့ပြန်ခြင်းသည် လူတဦးတယောက်ချင်း၊ ၎င်းတို့၏ မိသားစုနှင့် ကျယ်ပြန့်သော ရပ်ရွာလူထုကို စစ်အာဏာရှင် ဆန့်ကျင်ခြင်းကို ကြောက်လန့်၍ မလုပ်ဆောင်အောင် အဟန့်အတားပြုလိုသော ရည်ရွယ်ချက်ဖြင့်သာ လုပ်ဆောင်နေသည်ဟူသည့် ဖြေရှင်းချက်သာရှိသည်။




## အဖမ်းခံရစဉ်အတွင်း အကြမ်းဖက်မှု

အေအေပီပီ၏ အစီရင်ခံချက်အရ စစ်အုပ်စုက ရဲတပ်ဖွဲ့နှင့် အခြားစစ်အစိုးရအရာရှိများ၏ ပါဝင်ကူညီမှုနှင့်အတူ စစ်တပ်အရာရှိများကတဆင့် ဥပဒေအကြောင်းပြချက်မရှိ၊ မတန်တဆ ဖိနှိပ်ချုပ်ချယ်သည့် နည်းဗျူဟာတခုအဖြစ် ဒီမိုကရေစီလိုလားသူတို့၏ အသက်မွေးဝမ်းကျောင်း စားဝတ်နေရေးလုပ်ငန်းများကို ပစ်မှတ်ထားကာ ပိုင်ဆိုင်မှုများ ချိတ်ပိတ်သိမ်းဆည်းခြင်းကို လုပ်ဆောင်ခဲ့သည်။ တရားလက်လွတ်ဖမ်းဆီးခြင်းများကို လုပ်ဆောင်နေစဉ်အတွင်း စစ်အုပ်စုအာဏာပိုင်များက နေအိမ်များ၊ ဈေးဆိုင်များနှင့်/သို့မဟုတ် စီးပွားရေးလုပ်ငန်းများကို ချိတ်ပိတ်သိမ်းဆည်းကာ ထိုသို့လုပ်ဆောင်ခဲ့ကြောင်း အသိပေးသည့်အနေဖြင့် အနီရောင်ဆိုင်းဘုတ်များ ကပ်ထားကြသည်။ ယင်းမှာ စစ်အုပ်စုကို အာခံဆန့်ကျင်ပါက ပြင်းထန်သော အကျိုးဆက်များရှိလိမ့်မည်ဟု ကျယ်ပြန့်သော ရပ်ရွာလူထုအား သတိပေးချက်တခုပေးလိုက်သည့် သဘောကိုဆောင်သည်။ လူတဦးတယောက်ချင်းစီကို ငွေကြေးမတည်မငြိမ်ဖြစ်စေသော သို့မဟုတ် အိုးမဲ့အိမ်မဲ့ဖြစ်စေသောအဖြစ်သို့ တွန်းပို့၍ ယေဘုယျအားဖြင့် ထိုပုဂ္ဂိုလ်နှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် စိန်ခေါ်မှုအခက်အခဲများကို ဖန်တီးသောကြောင့် ပိုင်ဆိုင်မှုများ ချိတ်ပိတ်သိမ်းဆည်းခြင်းမှာ စစ်အုပ်စုက အသုံးချသည့် အားကောင်းသော ဖိနှိပ်မှုယန္တရားတခုဖြစ်သည်။ အာဏာသိမ်းမှု မတိုင်ခင် စစ်တပ်က ပိုင်ဆိုင်မှုများ ချိတ်ပိတ်သိမ်းဆည်းခြင်းကို လုပ်ဆောင်ခဲ့ခြင်းမရှိပါ။ သို့သော်လည်း ယခုအခါ၌ ဖမ်းဆီးခံထားရသူများ၏ အသက်မွေးဝမ်းကျောင်း စားဝတ်နေရေးကို ထိခိုက်ရုံသာမကပဲ ၎င်းတို့၏ မိသားစုဝင်များကိုပါ မကြာခဏဆိုသလို စုပေါင်းအပြစ်ပေးဒဏ်ခတ်သည့် သဘောဖြင့် ချိတ်ပိတ်သိမ်းဆည်းခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ အေအေပီပီက ကောက်ယူရရှိထားသည့် အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် စစ်အုပ်စုက အရပ်သားပိုင်ဆိုင်မှုများကို ချိတ်ပိတ်သိမ်းဆည်းသော အမှုပေါင်း (၁၀၈) မှုရှိခဲ့သည်။



Radio Free Asia/Citizen journalist (May 2023)

## ပိုင်ဆိုင်မှုများ ချိတ်ပိတ်သိမ်းဆည်းမှု



အေအေပီပီက နိုင်ငံရေးအကျဉ်းသားတဦး၏ မိခင်ဖြစ်သူနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ယခင်နှစ်၌ ၎င်း၏သားဖြစ်သူ ဖမ်းဆီးခံရပြီးနောက် စစ်အုပ်စုက ၎င်းတို့၏နေအိမ်ကို မည်ကဲ့သို့ ချိတ်ပိတ်သိမ်းဆည်းခဲ့ပုံကို ဖော်ပြပြောကြားခဲ့သည်။ စစ်သားများသည် အိမ်ရှေ့တံခါးတွင် အနီရောင်သတိပေးစာကို ကပ်ကာ ၎င်းတို့နှင့်အတူ ယူဆောင်လာသော သော့ခလောက်ဖြင့် သော့ခတ်၍ အိမ်ကို ချိတ်ပိတ်သိမ်းဆည်းကြောင်း သေချာအောင် လုပ်ဆောင်ခဲ့သည်။ ပြန်လာပါက သတ်ပစ်မည်ဟုလည်း စစ်အုပ်စုက အဆိုပါမိခင်အား ခြိမ်းခြောက်ခဲ့သည်။

ပိုင်ဆိုင်မှုများ ချိတ်ပိတ်သိမ်းဆည်းမှုတို့သည် ဖမ်းဆီးထိန်းသိမ်းခံထားရသူတို့၏ မိသားစုဝင်များအပေါ် ပြင်းထန်သော သက်ရောက်မှု ရှိနိုင်သည်။ လူအများအပြားသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း စားဝတ်နေရေးများ ဆုံးရှုံးကာ အိုးမဲ့အိမ်မဲ့ဖြစ်ရသည့် အခြေအနေသို့ရောက်ရှိစေသောကြောင့် စုပေါင်း အပြစ်ပေးဒဏ်ခတ်ခြင်းပုံစံအဖြစ်လည်း အကျိုးသက်ရောက်သည်။ ထိုကဲ့သို့ ခံစားရသူ အများစုမှာလည်း ၎င်းတို့၏အိမ်များနှင့် ရပ်ရွာအဝန်းအဝိုင်းအတွင်း အမြဲမပြတ် စောင့်ကြည့်ခံရခြင်းနှင့် ခြိမ်းခြောက်ခံရခြင်းများ ကြုံတွေ့နေရသည်။

# ၁၁၅

## သေသည်အထိ ညှဉ်းပမ်းနှိပ်စက်မှုများ

**AAPP ၏စာရင်းများအရ ၂၀၂၃ ခုနှစ်တွင် ညှဉ်းပမ်းနှိပ်စက်ခံရမှုကြောင့် နိုင်ငံရေးအကျဉ်းသား ၁၁၅ ဦး စစ်ကြောရေးစခန်းများအတွင်း သေဆုံးခဲ့ရသည်။ အမှန်တကယ်သေဆုံးသူဦးရေ မှာ ယခုထက် ပိုမိုများပြားနိုင်သည်။**

ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် နိုင်ငံရေးအကျဉ်းသားများကို ရဲစခန်းများ သို့မဟုတ် စစ်တပ်စခန်းများအတွင်းရှိ စစ်ကြောရေးစခန်းများ သို့မဟုတ် အမည်မသိနေရာများတွင် တရားမဝင် ယာယီစစ်ကြောရေးစခန်းများသို့ တိုက်ရိုက်ခေါ်ဆောင်သွားသည်။ စစ်အုပ်စုသည် အဆိုပါနေရာများ၌ စစ်ကြောရေးလုပ်ဆောင်စဉ် ကာလအတွင်း ၎င်းတို့၏ အုပ်ချုပ်မှုကို ဆန့်ကျင်သူ လူတဦးတယောက်ချင်းစီကို သတင်းအချက်အလက်များ အတင်းအကျပ် ဖော်ထုတ်ခိုင်းရန်၊ ခြိမ်းခြောက်ရန်၊ ခွဲခြားဆက်ဆံရန်၊ အပြစ်ပေးရန် နည်းဗျူဟာတခုအဖြစ် ညှဉ်းပန်းနှိပ်စက်မှုနည်းလမ်းများကို မှီခိုအားထားအသုံးချခဲ့သည်ဟု သတင်းရရှိထားပြီး၊ ယင်းညှဉ်းပန်းနှိပ်စက်မှုတို့သည် တဦးတယောက်ချင်းစီအပေါ် စစ်အုပ်စုကနှစ်သက်သော ဖိနှိပ်မှု နည်းလမ်းတခုဖြစ်သည်။ ဗိုလ်မှူး၊ ဗိုလ်ကြီး၊ တပ်ကြပ်၊ အရာခံဗိုလ်ရာထူးရှိသည့် စစ်အုပ်စုများက ပြင်းထန်သော ညှဉ်းပန်းနှိပ်စက်မှုများကို အသုံးပြု၊ အမိန့်ပေးကာ ကြီးကြပ်ခဲ့ကြကြောင်းကို စစ်တပ်မှ ဘက်ပြောင်းလာသောစစ်သားများက လျှို့ဝှက်ရိုက်ကူးထားသော ဗီဒီယိုများဖြင့် သတင်းပေးပို့ သက်သေပြခဲ့သည်။ သတင်းပေးပို့ချက်များအရ ဖမ်းဆီးထိန်းသိမ်းခံထားရသူများသည် ကျဉ်စက်ဖြင့်အတို့ခံရခြင်း၊ လေးလံသော ကြာပွတ်နှင့် အခြားအရာဝတ္ထုများဖြင့် ပြင်းပြင်းထန်ထန် သို့မဟုတ် အသက်ဆုံးရှုံးသည်အထိ ရိုက်နှက်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း၊ အရှက်ရစေသော အပြုအမူများ လုပ်ဆောင်ခိုင်းခြင်းတို့ကို ခံစားရသည်ဟု သိရှိရသည်။

၂၀၂၃ ခုနှစ်တွင် အေအေပီပီက နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့် မျက်မြင်သက်သေ အယောက် ၃၀ ကို တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းတို့က စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို ခံစားခဲ့ရကြောင်း ပြောဆိုခဲ့သည်။ အချို့သော ဖြစ်စဉ်များတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများက အကျဉ်းထောင်အတွင်း သင့်တင့်လျောက်ပတ်သော ဆေးဝါးကုသမှု ချို့တဲ့ကြောင်းကို ပြောကြားခဲ့ပြီး၊ ၎င်းသည် ဖြစ်စဉ်တခုစီတွင် လူတဦးတယောက်ချင်းစီ၏ အခြေအနေအပေါ် မူတည်၍ လူမဆန်သော သို့မဟုတ် ယုတ်ညံ့သော ပြုမူဆက်ဆံမှုဖြစ်သကဲ့သို့ ညှဉ်းပန်းနှိပ်စက်မှုပင် မြောက်နိုင်သည်။ ထိုသို့သော လုံလောက်သော ဆေးဝါးကုသမှုကို မပေးခြင်းကြောင့် ဖြစ်စဉ်တခု၌ နိုင်ငံရေးအကျဉ်းသူများ၏ မွေးကင်းစကလေးငယ်နှစ်ဦး သေဆုံးစေခြင်းဖြစ်ခဲ့သောကြောင့် ယင်းသည် ဖမ်းဆီးထိန်းသိမ်းထားသော လူတဦးတယောက်ချင်းစီနှင့်အတူ အထူးသဖြင့် ဖမ်းဆီးထိန်းသိမ်းထားသော ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ဖမ်းဆီးထိန်းသိမ်းထားစဉ် ကလေးမွေးဖွားသော အမျိုးသမီးများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများကို ဆန့်ကျင်မှုပင်ဖြစ်သည်။

ညှဉ်းပန်းနှိပ်စက်မှု

AAPP

မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား (IIMM) က အစီရင်ခံတင်ပြထားသည့်အတိုင်း အာဏာသိမ်းပြီးချိန်ကစ၍ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် အခြေအနေများနှင့်အတူ ပဋိပက္ခဖြစ်ပွားရာဒေသများတွင်ပါ စစ်အုပ်စု၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ဖိနှိပ်ချုပ်ချယ်မှု လက်နက်တခုအဖြစ် ဆက်လက်အသုံးပြုခြင်း ရှိနေသည်မှာ ထင်ရှားလှပါသည်။ ၂၀၂၃ ခုနှစ် လူ့အခွင့်အရေးကောင်စီသို့ တင်ပြသောအစီရင်ခံစာတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော မဖွယ်မရာပြုမှုပုံစံမျိုးစုံကို အကျဉ်းထောင်အများအပြားတွင် ကျူးလွန်ခဲ့ကြောင်း အထောက်အထားများစွာကို စုဆောင်းရရှိထားပြီး၊ ချိုးဖောက်ကျူးလွန်သူ သို့မဟုတ် အဆိုပါဌာနယန္တရားများ လည်ပတ်မှုအတွက် တာဝန်ရှိသူတို့ကိုလည်း နာမည်၊ အချက်အလက်နှင့်တကွ ဖော်ထုတ်ခဲ့ကြောင်း IIMM က ရေးသားဖော်ပြထားသည်။

စစ်အုပ်စုသည် နိုင်ငံရေးအကျဉ်းသားများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ဖမ်းဆီးခံရစဉ်၊ စစ်ကြောမေးမြန်းနေစဉ်၊ ဖမ်းဆီးထိန်းသိမ်းထားစဉ်စသည့် အဆင့်အားလုံးတွင် စနစ်တကျ ကျူးလွန်ကြသည်။ ထိုသို့ အကြမ်းဖက်မှု လုပ်ဆောင်ရာ၌ ကျားမရေးရာကိစ္စရပ်ဖြစ်အောင် ခေါင်းစဉ်တပ် ပစ်မှတ်ထားခံရသည်ကို တွေ့ရသည်။ အမျိုးသမီးများက ၎င်းတို့၏ ရင်သားနှင့် တင်ပါးများကို ပစ်မှတ်ထား၍ ရိုက်နှက်မှုများနှင့် ခန္ဓာကိုယ်အနှံ့ရှာဖွေမှုများ ပြုလုပ်နေစဉ်အတွင်း မတော်တရော်ကိုင်တွယ်မှုများ ပြုလုပ်ခဲ့ကြောင်း သတင်းပေးပြောကြားသကဲ့သို့၊ LGBTQI အဖြစ် ခံယူထားသူများကလည်း ၎င်းတို့၏ လိင်အင်္ဂါများ အကန်ခံခဲ့ရကြောင်း သတင်းပေးပြောကြားခဲ့ကြပြီး၊ လိင်ပြောင်းအမျိုးသမီးတို့ကိုလည်း အမျိုးသားများထားရှိသော အချုပ်ခန်း၊ အကျဉ်းခန်းတို့တွင် ထားရှိထားကြောင်း သိရသည်။

စစ်အုပ်စုက ကျယ်ပြန့်စွာ ကျင့်သုံးနေသော ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်အတူ ဒီမိုကရေစီအရေးလှုပ်ရှားမှုကို ထောက်ခံအားပေးသည့် လူတဦးတယောက်ချင်းစီအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခြင်းတို့သည် လူတဦးတယောက်ချင်းစီ၏ စိတ်ဓာတ်ကြံ့ခိုင်မှုကို ချိုးဖျက်ရန်၊ ၎င်းတို့၏ မိသားစုဝင်များကို ခြိမ်းခြောက်ရန်၊ ကျယ်ပြန့်သော အရပ်သားလူထုအတွင်း အကြောက်တရား ပျံ့နှံ့စေရန် စစ်တပ်က အသုံးပြုနေသည့် ဖိနှိပ်မှုနည်းဗျူဟာများစွာအနက်ထဲမှ ရက်စက်ကြမ်းကြုတ်သော နည်းစနစ်တခုဖြစ်သည်။ ၎င်းလုပ်ရပ်တို့ကို စစ်အုပ်စုက တော်လှန်ရေးလှုပ်ရှားမှုကို အားနည်းသွားစေရန် ကြိုးပမ်းမှုဖြစ်ကောင်း ဖြစ်နိုင်သည်ဟု ယူဆရသည်။

## ၇၅၆

**ပထမလေးလတာကာလအတွင်း စစ်အုပ်စု၏**
**လေကြောင်းတိုက်ခိုက်မှုကြောင့် အပစ်မဲ့အရပ်သားများ**
**ထိခိုက်ဒဏ်ရာရရှိမှုစာရင်း**

စစ်တပ်၏ မြေလှန်စနစ် မူဝါဒအရ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခြင်းသည် စစ်အုပ်စုအုပ်စိုးသော နယ်မြေဆုံးရှုံးခြင်းနှင့် ဆက်စပ်နေပြီး လက်နက်ကိုင်အဖွဲ့တို့နှင့် တိုက်ပွဲများဖြစ်ပွားစဉ်အတွင်း အရပ်သားများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများကို မကြာခဏ ပြုလုပ်၍ တုံ့ပြန်လေ့ရှိသည်။

ဉာဏ်လင်းသစ်သုတေသနအဖွဲ့၏ အဆိုအရ ၂၀၂၄ ခုနှစ်၏ ပထမလေးလတာ ကာလအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ကလေး (၆၁) ဦး အပါအဝင် အရပ်သား (၃၅၉) ဦး သေဆုံးခဲ့ပြီး၊ အရပ်သား (၇၅၆) ဦး ဒဏ်ရာရရှိခဲ့ပါသည်။ စစ်အုပ်စုသည် အရပ်သားများကို သေစေရန်၊ ဒဏ်ရာရစေရန်နှင့် အရပ်ဘက်နေရာဒေသများ ပျက်စီးစေရန် ဂျက်တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များကို အသုံးပြု၍ ဘာသာရေး အဆောက်အဦများ၊ စာသင်ကျောင်းများ၊ ကျန်းမာရေး အခြေခံအဆောက်အဦများကို ပစ်မှတ်ထား ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

## ၃၅၉

**၂၀၂၄ ခုနှစ် ပထမလေးလတာကာလအတွင်း စစ်အုပ်စု၏**
**လေကြောင်းတိုက်ခိုက်မှုကြောင့် အပစ်မဲ့အရပ်သားများ**
**သေဆုံးစာရင်း**

၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက်နေ့၊ နံနက် ၈ နာရီ ၂၀ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်ရှိ မင်္ဂလာဆောင်အခမ်းအနားတခုကို စစ်အုပ်စုလေတပ်မှ ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ ထိုအချိန်၌ တိုက်ပွဲဖြစ်ပွားနေသည်ဟု သတင်းများထွက်ပေါ်ခြင်း မရှိသော်လည်း စစ်တပ်ဂျက်လေယာဉ်တစီးသည် ပေါင် ၅၀၀ အလေးချိန်ရှိသောဗုံးသုံးလုံးကို မင်္ဂလာဆောင်အခမ်းအနား ကျင်းပရာနေရာတွင် ကြဲချခဲ့သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် လူ (၃၀) ကျော် ဒဏ်ရာရခဲ့ပြီး ယခုအချိန်ထိ ယင်းဖြစ်စဉ်သည် ဤနှစ်အတွင်း ထိခိုက်နစ်နာမှု အပြင်းထန်ဆုံး တိုက်ခိုက်မှုများထဲတွင် ပါဝင်နေဆဲဖြစ်သည်။

မင်းကင်းမြို့နယ်နှင့် အထူးသဖြင့် ထိုမြို့နယ်၏ ကျေးလက်ဒေသများသည် တော်လှန်ရေးအင်အားစုတို့ အားကောင်းသော အခြေစိုက်ရာ အမာခံ နယ်မြေတခုဖြစ်သည်။ စစ်အုပ်စုသည် ၎င်းတို့ နယ်မြေ လက်လွှတ်ဆုံးရှုံးမှုအပေါ် တော်လှန်ရေးအင်အားစုတို့၏ တပ်စခန်းများနှင့် စခန်းထိုင်များကိုသာမက အရပ်ဘက်ဒေသများကိုပါ ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား ဗုံးကြဲတိုက်ခိုက်၍ တုံ့ပြန်ခဲ့သည်။

**လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်မှု**

အဆိုပါ ဖြစ်စဉ်မှာ စစ်အုပ်စု၏ ပစ်မှတ်မခွဲခြားဘဲ လုပ်ဆောင်သော လေကြောင်းတိုက်ခိုက်မှု များစွာတို့၏ ယေဘူယျပုံပန်းသဏ္ဌာန်နှင့် ကိုက်ညီပြီး အကြမ်းဖျဉ်းအားဖြင့် တော်လှန်ရေးအင်အားစုတို့ အားကောင်းသော အခြေစိုက်ရာ အရပ်ဘက်နေရာဒေသများတွင် စစ်အုပ်စုက လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်နေလျက်ရှိသည်။ ထိုဖြစ်စဉ်သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ကချင်လွတ်လွတ်ရေးအဖွဲ့ချုပ် (KIO) ၏ ၆၂ နှစ်ပြည့် အခမ်းအနားအတွက် ကချင်ပြည်နယ်၌ ကျင်းပသော ဂီတဖျော်ဖြေပွဲကို စစ်အုပ်စုက လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား (၆၀) ခန့် သေဆုံးခဲ့ရသည့် ဖြစ်စဉ်နှင့်လည်း နှိုင်းယှဉ်၍ ရနိုင်သည်။

အဆိုပါ တိုက်ခိုက်မှုများသည် အရပ်သား ဒေသများသို့ ပစ်မှတ်ထား တိုက်ခိုက်ခြင်း ဖြစ်ကြောင်းကို တွေ့ရသည်။ သို့သော် တိုက်ပွဲများအတွင်း အရပ်သားများ၏ ဘေးကင်းလုံခြုံမှုနှင့် အရပ်သားဒေသများအတွင်းသို့ လေကြောင်းတိုက်ခိုက်မှု အလားအလာတို့ကို ကြိုတင်သတိပေးနိုင်မှု အစီအမံများ ကင်းမဲ့စေရန် စစ်အုပ်စုသည် EAO များ ထိန်းချုပ်ထားသည့် အရပ်ဘက်ဒေသများသို့လည်း စစ်ဘက် အရပ်ဘက်ပစ်မှတ် ခွဲခြားသတ်မှတ်မှုမရှိဘဲ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေသည်။ မြေပြင်တွင် နယ်မြေများကို လက်လွှတ်ဆုံးရှုံးလာသောကြောင့် စစ်အုပ်စုသည် တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော နယ်မြေတို့အတွင်း လေကြောင်းမှဆင့် တိုက်ခိုက်မှုများ ပို၍ မှီခိုအားထား လုပ်ဆောင်နေပြီဖြစ်သည်။

## ၃၄၉

**ပထမလေးလတာကာလအတွင်း စစ်အုပ်စု၏ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပစ်မဲ့အရပ်သားများ သေဆုံးမှုစာရင်း**

စစ်အုပ်စုသည် လူနေထူထပ်သော နေရာများတွင် လက်နက်ကြီးတို့ဖြင့် အမြဲတစေ ပစ်ခတ်ခဲ့ကြသည်။ အေအေပီပီက ကောက်ယူရရှိထားသည့် အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် အနည်းဆုံး လူ (၃၄၉) ဦးသည် လက်နက်ကြီးကျည်များကြောင့် သေဆုံးခဲ့ရသည်ကို သိရှိရပြီး၊ ၂၀၂၄ ခုနှစ် ဇွန်လတွင် OHCHR ၏ အစီရင်ခံတင်ပြချက်အရ ၂၀၂၃ ခုနှစ် ဩဂုတ်လမှ ၂၀၂၄ ခုနှစ် မတ်လကာလအတွင်း လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများကြောင့် အရပ်သား (၃၇၆) ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း သိရှိရသည်။

ဤကဲ့သို့ ပြစ်ဒဏ်ခတ်တိုက်ခိုက်မှုများသည် နွေဦးတော်လှန်ရေးအတွက်နှင့်အတူ တော်လှန်ရေးအင်အားစုများကို ထောက်ခံမှုဟုယူဆ၍ အရပ်သားလူထုအပေါ် စုပေါင်းအပြစ်ပေးဒဏ်ခတ်နေသည့် စစ်အုပ်စု၏ စိတ်ဓာတ်နှင့် မဟာဗျူဟာကို ထင်ဟပ်ဖော်ပြနေခြင်းပင် ဖြစ်သည်။ အရပ်ဘက်ဒေသများရှိ အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်များကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားခြင်းသည် စစ်အုပ်စုကို ဆန့်ကျင်သော အရပ်သားများကို အပြစ်ပေးသည့် နည်းဗျူဟာတခုဖြစ်ပြီး ထိုနည်းဗျူဟာဖြင့် အရပ်သားများကို စစ်ရာဇဝတ်မှုမြောက်ဖွယ်ရှိသော ထိတ်လန့်ခြောက်ခြားမှု လွှမ်းမိုးစေသည့် လုပ်ရပ်များမှတဆင့် ၎င်းတို့ကို လက်ရှိအနေအထားနှင့်သာ ရောင့်ရဲတင်းတိမ်စေရန် လုပ်ဆောင်ခြင်းဖြစ်သည်။

## ဆက်သွယ်ရေး ကန့်သတ်ချုပ်ချယ်မှုများ

၎င်းတို့ စစ်ရေးမဟာဗျူဟာ၏ တစိတ်တပိုင်းအနေဖြင့် သတင်းအချက်အလက်များကို ဖြတ်တောက်ရန် စစ်အုပ်စုက ၎င်းတို့လှုပ်ရှားနေသော နေရာဒေသတလျှောက်ရှိ မိုဘိုင်းလ်အင်တာနက်လိုင်းများနှင့် Wifi များကို စနစ်တကျ ဖြတ်တောက်ထားသောကြောင့် နီးစပ်ရာမြို့နယ်များအနေဖြင့် စစ်ရေးလှုပ်ရှားမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို သတိပြုမိခြင်း မရှိတော့ပေ။ ၂၀၂၄ ခုနှစ် မေလတွင် စစ်အုပ်စုသည် သတင်းအချက်အလက်စီးဆင်းမှုကို ကန့်သတ်ရန် Virtual Private Networks (VPNs) ကို အသုံးပြုခြင်းအား တားမြစ်ကြောင်းကြေညာပြီး လူတဦးတယောက်ချင်းစီ၏ ဖုန်းများကို စစ်ဆေးရှာဖွေခြင်းတို့ကို လုပ်ခြင်းအားဖြင့် ဤဖိနှိပ်မှုနည်းဗျူဟာကို ပြင်းထန်စွာ တိုးမြှင့်ခဲ့သည်။ ထိုတားမြစ်ချက်တို့ကို ကျူးလွန်သောကြောင့် ဖမ်းမိသူများကိုလည်း လာဘ်ငွေပေးဆောင်ရန် အတင်းအကြပ် ခိုင်းစေခြင်း သို့မဟုတ် မတရားစွဲချက်များဖြင့် ဖမ်းဆီးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

သတင်းအချက်အလက်စီးဆင်းမှုအပေါ် ကန့်သတ်ချက်များသည် မြေပြင်၌သော်လည်းကောင်း ပြည်ပမှသော်လည်းကောင်း စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်များကို အစီရင်ခံခြင်းနှင့် စိစစ်စစ်ဆေးခြင်းတို့ကိုလည်း အဟန့်အတားဖြစ်စေသည်။

## လူသားချင်းစာနာထောက်ပံ့မှုအပေါ် ကန့်သတ်ချုပ်ချယ်မှု

မြန်မာနိုင်ငံတွင် ကြီးထွားလာနေသော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ်အတည်းပဋိပက္ခသည် လူထုအပေါ် စစ်အုပ်စုတပ်များ၏ တိုက်ခိုက်မှုများနှင့်အတူ အရေးကြီးသော အကူအညီများကို လက်လှမ်းမမီအောင် ကန့်သတ်ခြင်းနှင့်တိုက်ရိုက် ဆက်စပ်နေသည်။ စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် ရပ်ရွာလူထုကို အတင်းအကျပ်ရွှေ့ပြောင်းခိုင်းခြင်း၊ ကောက်ပဲသီးနှံစိုက်ခင်းများအပါအဝင် ရွာများကို ရွာလုံးကျွတ်ဖျက်ဆီးခြင်း၊ အိမ်များကိုမီးရှို့ခြင်း၊ လမ်းပန်းဆက်သွယ်ရေးစနစ်များကို ဖျက်ဆီးခြင်း၊ ဆေးဝါးနှင့် စားနပ်ရိက္ခာထောက်ပံ့ရေးကို အဟန့်အတား ပြုခြင်းများအားလုံးသည် လူထု၏ လိုအပ်ချက်အလုံးစုံတို့ကို ပိုမိုထိခိုက် ဆိုးရွားစေပါသည်။ ထိုလူထုအနေဖြင့် 'ဖြတ်လေးဖြတ်' ဗျူဟာ၏ တစိတ်တပိုင်းအဖြစ် စစ်အုပ်စုက ရည်ရွယ်ချက်ရှိရှိ ကန့်သတ်ချုပ်ချယ်ထားသည့်အတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိသည်။ အာဏာသိမ်းပြီးကတည်းက စစ်တပ်သည် ကြိုးနီအစီအမံများချမှတ်၍ ၎င်းတို့ ထိန်းချုပ်မှုအပြင်ဘက်ရှိနေသော နယ်မြေများအတွင်းသို့ ဝင်ထွက်သွားလာခွင့်ကို အဟန့်အတားပြုခြင်းဖြင့် ကုလသမဂ္ဂအေဂျင်စီများနှင့် အခြားသော နိုင်ငံတကာအဖွဲ့အစည်းများထံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်မှုကို ကန့်သတ်ချုပ်ချယ်ထားသည်။ ထိုသို့သော အစီအမံများတွင် ဝန်ထမ်း သို့မဟုတ် ပစ္စည်းများ ပြောင်းရွှေ့မှု

အတွက် ခရီးသွားခွင့်ပြုချက် လိုအပ်ချက်များကို ချမှတ်ပြီးနောက် ၎င်းတို့အတွက် ခွင့်ပြုချက်တောင်းခံမှုများကိုလည်း ငြင်းပယ်ခြင်းတို့ကို လုပ်ဆောင်ခြင်းများ ပါဝင်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများကို ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ သိမ်းဆည်းခြင်းတို့သည်လည်း လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများကို လည်း အနှောင့်အယှက်ဖြစ်စေခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများသည် စစ်အုပ်စု၏ အင်တာနက်နှင့် တယ်လီဖုန်းဆက်သွယ်ရေးများ ပိတ်ထားခြင်းကြောင့်လည်း အခက်တွေ့ရသည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် အခြားပြည်နယ်၊ တိုင်းဒေသကြီးများတွင် ၂၀၂၁ ခုနှစ် စက်တင်ဘာလလယ်ကတည်းက အင်တာနက်နှင့် တယ်လီဖုန်းဆက်သွယ်ရေးများကို ပိတ်ထားသည်။ ဤကဲ့သို့ သတင်းအမှောင်ချထားမှုများသည် လူသားခြင်စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအေဂျင်စီများ၊ ၎င်းတို့၏ဝန်ထမ်းများနှင့် လုပ်ဖော်ကိုင်ဖက်များအကြား အရေးကြီးသည့် ဆက်သွယ်မှုကို ထိခိုက်စေပါသည်။

ဆယ်စုနှစ်များစွာကြာ စစ်အုပ်စု၏ ရည်ရွယ်ချက်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသူများထံ ရောက်ရှိမှုကို ကန့်သတ်ရန်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အချို့သော အေဂျင်စီများက ဆက်လက်လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် ထိုကန့်သတ်ချက်များကို လက်ခံလိုက်နာနေကြသောကြောင့် စစ်အစိုးရခေါင်းဆောင်များ၏ စစ်ရေးရည်မှန်းချက်များနှင့် အလိုတူအလိုပါ အကျိုးပြု လုပ်ဆောင်နေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် နေထိုင်၍ လုပ်ငန်းလုပ်ကိုင်နိုင်အောင် အရေးပါအရာရောက်သော နိုင်ငံတကာသက်ဆိုင်ရာပါဝင်ပတ်သက်သူများထံမှ ရန်ပုံငွေရရှိရန်နှင့် ပြည်ဝင်ခွင့်ဗီဇာများရရှိရန်အတွက် ကုလသမဂ္ဂအေဂျင်စီများက စစ်အစိုးရ၏ အာမခံချက်လိုအပ်ကြောင်း သိသောကြောင့် စစ်အုပ်စုက ဤအချက် အခွင့်ကောင်းယူကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသူများအား ပြည်ဝင်ခွင့်ဗီဇာကန့်သတ်မည့် ခြိမ်းခြောက်မှုဖြင့် အကြပ်ကိုင်လျက်ရှိသည်။



UNICEF Myanmar/2024

ကန့်သတ်ချုပ်ချယ်မှုများ

AAPP

စစ်အုပ်စု၏ ဖိနှိပ်ချုပ်ချယ်မှု နည်းဗျူဟာသည် ပြည်တွင်း၌သာ ရပ်သွားသည်မဟုတ်ဘဲ နိုင်ငံတကာက တရားဝင်အသိအမှတ်ပြုမှုရရှိရန် မျှော်လင့်ချက်ဖြင့် အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်များ၊ သေဒဏ်မှပြစ်ဒဏ်လျှော့ချမှု ကြေညာချက်များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအား လှည့်ဖြားရန် ကြိုးပမ်းမှုတို့ဖြင့် ၎င်းတို့၏ ဖိနှိပ်ချုပ်ချယ်မှု နည်းဗျူဟာသည်ကမ္ဘာ့အဆင့်အထိ ချဲ့ထွင်ခဲ့သည်။ ဤကဲ့သို့ လိမ္မာပါးနပ်စွာ လှည့်ဖြားနေသည့် လုပ်ဆောင်မှုများကိုကြည့်လျှင် စစ်အုပ်စုသည် ပူးပေါင်းလုပ်ဆောင်လိုပြီး၊ ပျော့ပျောင်းသော အစိုးရတရပ်ဖြစ်သည်ဟူသော လွဲမှားသော ပုံရိပ်ကို ချယ်မှုန်းဖော်ပြနေသော်လည်း လက်တွေ့တွင် ၎င်းတို့သည် စစ်အုပ်စုအား အာခံဆန့်ကျင်သူများနှင့် အရပ်သားများအပေါ် ပိုမိုကြမ်းတမ်းခက်ထန်၍ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်တို့ကို ထပ်တိုးလုပ်ဆောင်လျက်ရှိသည်။ မြန်မာစစ်တပ်သည် စီးပွားရေး ပိတ်ဆို့အရေးယူမှုများ၊ သံတမန်ရေးဖိအားများမှ သက်သာရာရစေရန်နှင့် ကမ္ဘာလုံးဆိုင်ရာအခင်းအကျင်း ဖြစ်ရပ်ကြီးများမတိုင်မီ ယုံကြည်စိတ်ချရမှုရရှိဖို့ နိုင်ငံတကာအသိုက်အဝန်းကို လှည့်ဖြားရန် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများကို သမိုင်းတလျှောက်တွင် အသုံးပြုခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၅ ရက်အတွင်း
စစ်အုပ်စုမှ လွတ်ပေးခဲ့သည့် အကျဉ်းသားအရေအတွက်




## သံတမန်ရေးရာ လှည့်ဖျားခြင်းများ

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စစ်အုပ်စုက ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား (၇၇၄၉) ဦးကို လွှတ်ပေးမည်ဟု ကြေညာခဲ့သည်။ သို့သော်လည်း လွတ်မြောက်လာသူများထဲမှ လူအနည်းငယ်သာ နိုင်ငံရေးအကျဉ်းသားများအဖြစ် ထိန်းသိမ်းခံထားခဲ့ရသူများဖြစ်သည်။ လွတ်မြောက်လာသူအရေအတွက် အတိအကျနှင့် ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသားများ ပါဝင်ခြင်း ရှိမရှိကို သီးခြားလွတ်လပ်စွာ စိစစ်အတည်ပြုခြင်းအား အဟန့်အတားဖြစ်စေရန်အတွက် နိုင်ငံရေးအကျဉ်းသားများ၏ နာမည်၊ အချက်အလက်အထောက်အထားနှင့် ပတ်သက်၍ စစ်အုပ်စုအနေဖြင့် ပွင့်လင်းမြင်သာမှုမရှိခဲ့ပေ။ ထိုနေ့၌ ပင် သမ္မတဦးဝင်းမြင့်အပေါ် စွဲဆိုထားသည့် စွဲချက်ငါးခုအနက် နှစ်ခုကို ဖယ်ရှားခဲ့ပြီး ထောင်ဒဏ် ၂ နှစ် လျှော့ချသည်။ ထို့ကြောင့် ၄င်းအနေနှင့် ထောင်ဒဏ် ၁၀ နှစ်အထိ ကျခံရဦးမည်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုထားသည့် စွဲချက် ၁၉ ခုအနက်မှ ၅ ခုကို ဖယ်ရှားခဲ့ပြီး ထောင်ဒဏ် ၅ နှစ် လျှော့ချခဲ့ကာ စုစုပေါင်း ထောင်ဒဏ် ၂၇ နှစ် ချမှတ်ခဲ့သည်။ ထို့ကြောင့် ဤလျှော့ချသော စွဲချက်များသည် တသက်တကျွန်း ပြစ်ဒဏ်ချမှတ်ခြင်းဖြင့် ပမာဏအားဖြင့် ကွာခြားမှုအလျဉ်းမရှိပေ။ စစ်အုပ်စုသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ မျက်နှာသာရရန် ကြိုးပမ်းနေပြီး လိုတိုးပိုလျော့လုပ်နိုင်သော အစိုးရတရပ်အဖြစ် ပုံဖော်ရန်လုပ်ဆောင်နေ၍ တချိန်တည်းတွင် အရပ်သားလူထုအပေါ် ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်ချုပ်ချယ်မှုနေသည်။

တချိန်တည်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများသည် ပို၍ပို၍ ပြောင်ပြောင်တင်းတင်းဖြစ်လာသည်နှင့်အမျှ စစ်တပ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အကာအကွယ်ပေးနေခြင်းနှင့် တာဝန်ခံမှုကင်းမဲ့နေခြင်းသည် ၎င်းတို့အား ပို၍အတင့်ရဲလာစေခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်များနှင့်အတူ နိုင်ငံတကာအသိုင်းအဝိုင်း၏ အရေးယူခြင်းမပြုသည့် ပြင်းထန်သောပျက်ကွက်မှုသည် ၎င်းတို့ဆက်လက်ကျူးလွန်နေသော ပြစ်ဒဏ်များအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရှိနေဦးမည်ဖြစ်သည်။ အချို့သော ဖြစ်စဉ်များတွင် ကမ္ဘာလုံးဆိုင်ရာ ပါဝင်ပတ်သက်သူများသည် အဆိုပါရာဇဝတ်မှုများတွင် ကိုယ်တိုင်ပါဝင်ပတ်သက်နေပြီး စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ရန် ပျက်ကွက်ခဲ့ကာ စစ်အုပ်စုနှင့် အစည်းအဝေးများ ဆက်လက် ကျင်းပဖိတ်ကြားခြင်းအားဖြင့် ၎င်းတို့၏ တရားဝင်အသိအမှတ်ပြုမှုရရှိလိုသော ရည်မှန်းချက်ကို အထောက်အကူပြု၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် ကျူးလွန်ရန် စစ်အစိုးရအား ထပ်မံအားပေးတိုက်တွန်းရာရောက်သည်။

နှစ်ပေါင်းများစွာ ရှည်ကြာသော စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများကို ကောင်းစွာမှတ်တမ်းတင်ထားသော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ထိထိရောက်ရောက်အရေးယူရန် ပျက်ကွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) နှင့် အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး (ICC) တို့တွင် လုပ်ဆောင်လျက်ရှိသည့် နိုင်ငံတကာအသိုင်းအဝိုင်းက စစ်အုပ်စုကို အရေးယူရန် ကြိုးပမ်းမှုများသည် ကံမကောင်း အကြောင်းမလှစွာဖြင့် အကန့်အသတ်များ ရှိနေသည်။

အရှေ့တောင်အာရှဒေသနှင့် မြန်မာ့အိမ်နီးချင်းနိုင်ငံများသည် မြန်မာနိုင်ငံတွင်း အကျပ်အတည်းကို ပိုမိုဆိုးရွားအောင် လုပ်ဆောင်နေသည့် အခန်းကဏ္ဍတွင် ဆက်လက်ပါဝင်လျက်ရှိနေသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) က ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် မြန်မာနိုင်ငံ၌ ဆက်လက်ဖြစ်ပွားနေသော အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချခဲ့ပြီး အရပ်သားလူထုကြုံတွေ့နေရသည့် ဒုက္ခဆင်းရဲများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ၊ အများပြည်သူဆိုင်ရာအဆောက်အဦတို့ ဖျက်ဆီးခံရမှုများကို အသိအမှတ်ပြုကြောင်း ထပ်မံအတည်ပြုခဲ့ကာ ငြိမ်းချမ်းရေးနှင့် ယခုအကျပ်အတည်းအတွက် ရေရှည်တည်တံ့သော အဖြေရှာဖွေရာတွင် ၎င်းတို့အနေနှင့် မြန်မာနိုင်ငံအား ကူညီပေးမည့် ကတိကဝတ်ကို ထပ်မံအတည်ပြုထားသည်။ သို့သော်ငြားလည်း တပြိုင်နက်တည်းတွင် အဆိုပါအာဆီယံအဖွဲ့ဝင်နိုင်ငံတို့သည် မြန်မာနိုင်ငံနှင့် ကူးသန်းကုန်သွယ်ပြီး လက်နက်ရောင်းချမှု လုပ်ဆောင်နေသော နိုင်ငံများစာရင်းတွင် ထိပ်ဆုံးနေရာ၌ရှိနေသည်။

၂၀၂၃ ခုနှစ် မေလတွင် လူ့အခွင့်အရေးကောင်စီသို့ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူက အနည်းဆုံး အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့် တန်ဖိုးရှိသည့် ဂျက်တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ကင်းထောက်နှင့် တိုက်ခိုက်ရေးဒရုန်းများ၊ အဆင့်မြင့် ဒုံးကျည်စနစ်များ၊ တင့်ကားတို့ကို အဆင့်မြှင့်တင်မှုများ၊ ရေဒီယိုနှင့် ဆက်သွယ်ရေးကိရိယာများ၊ ရေဒါအဆောက်အဦများ၊ ရေတပ်သင်္ဘောများအတွက် အစိတ်အပိုင်းများ အပါအဝင် စစ်လက်နက်ပစ္စည်းများကို နိုင်ငံများက စစ်အုပ်စုကို ရောင်းချပေးနေမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း တင်ပြခဲ့သည်။ စစ်အုပ်စု၏ ရှုထောင့်မှ ကြည့်လျှင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံခြင်းသည် နောက်ထပ်လက်နက်ရောင်းဝယ်မှု သဘောတူညီချက်များရရှိရန်၊ စီးပွားရေးပိတ်ဆို့မှုများ လျှော့ကျစေရန်၊ အခြားနိုင်ငံများထံမှ ထောက်ပံ့မှု အလားအလာများကို ရရှိနိုင်ရန်အတွက် လမ်းစတခုပင် ဖြစ်သည်။

SAC-M ၏အစီရင်ခံစာဖြစ်သည့် UN Is Failing Myanmar တွင်ဖော်ပြထားသည့်အတိုင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စစ်အုပ်စုနှင့် ကုလသမဂ္ဂကိုယ်စားလှယ်များအကြား "တရားဝင်" အစည်းအဝေး အနည်းဆုံး (၆၆) ကြိမ် ရှိခဲ့ကြောင်းကို လူသိရှင်ကြား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် မာတင် ဂရစ်ဖစ် (Martin Griffiths) သည် မြန်မာနိုင်ငံရှိ စစ်ဘက်အရာရှိများနှင့် တွေ့ဆုံခဲ့ပြီး ယင်းမှာ အာဏာသိမ်းပြီးချိန်မှစ၍ ယနေ့အချိန်အထိ နေပြည်တော်သို့ လာရောက်လည်ပတ်သော ကုလသမဂ္ဂအရာရှိများထဲမှ အမြင့်ဆုံးရာထူးရှိသည့် သူတဦးက လာရောက်တွေ့ဆုံခြင်းဖြစ်သည်။ ထိုသို့လာရောက်တွေ့ဆုံရသည့် အကြောင်းအရင်းမှာ ဩဂုတ်လမတိုင်ခင် သုံးလခန့်က မိုခါဆိုင်ကလုန်းမုန်တိုင်း (Cyclone Mocha) ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံအနှံ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများဝင်ရောက်ခွင့်ပေးဖို့ ညှိနှိုင်းဆွေးနွေးရန်အတွက်ဖြစ်ပြီး စစ်အုပ်စုက နိုင်ငံတကာက တရားဝင်အသိအမှတ်ပြုမှုနှင့် တရားဝင်ခွင့်ပြုမှု ရရှိရန် ဤတွေ့ဆုံမှုကို အသုံးချ၍ ဝါဒဖြန့်ခဲ့သည်။ ၎င်း၏ ခရီးစဉ်အပြီး ထုတ်ပြန်ချက်တွင် မာတင် ဂရစ်ဖစ်က စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း တိုးမြင့်လာရခြင်း၏ အကြောင်းရင်းအဖြစ် ကိုးကားဖော်ပြခဲ့သကဲ့သို့



မိုချာဆိုင်ကလုန်းမုန်တိုင်းကြောင့် နစ်နာခံစားရသူဒုက္ခသည်များထံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဝင်ရောက်ခွင့်ကို ပိတ်ဆို့ခြင်းဖြင့် စစ်အုပ်စုက လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ဝင်ရောက်ပေးပို့ခွင့်ကို လက်နက်တခုအနေဖြင့် အသုံးချနေခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ သို့သော် ဝါဒမှိုင်းတိုက်သည့်အနေဖြင့် အသုံးချရန် အဆိုပါခရီးစဉ်ကို 'မြန်မာ့နိုင်ငံရေးတိုးတက်မှု' ဟု စစ်အုပ်စု ပိုင်မီဒီယာများက ပုံဖော်ခေါင်းစဉ်တပ်ကာ စစ်အစိုးရသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ဟူသော လုပ်ကြံဇာတ်လမ်းတခုကို ရှေ့တန်းတင် ဖန်တီးရေးသားဖော်ပြ ခဲ့သည်။

နိုင်ငံတကာဇာတ်ခုံတွင် သံတမန်များနှင့် တွေ့ဆုံခြင်းဖြင့် မြန်မာစစ်အစိုးရသည် တွေ့ဆုံဆွေးနွေးရန် လိုလားပြီး လမ်းကြောင်းဖွင့်ထားသည်ဟူသော မှားယွင်းသည့် အထင်အမြင်များကို ဖြစ်စေသည်။ ဤခရီးစဉ်များကို အကြောင်းပြု၍ မီဒီယာများမှတဆင့် စစ်အုပ်စုသည် နိုင်ငံတကာအသိုက်အဝန်းကို လှည့်ဖြားနိုင်သောကြောင့် စစ်တပ်က ၎င်းတို့၏အစိုးရမှုကို အထောက်အကူပြုပံ့ပိုးကူညီနိုင်မည့် နိုင်ငံများမှ သံတမန်များ လာရောက်တွေ့ဆုံသော ခရီးစဉ်လည်ပတ်မှုများကိုသာ လက်ခံခွင့်ပြုထားပါသည်။

စစ်အုပ်စုနှင့် သံတမန်ဆက်ဆံရေးကို အခြားနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုနှင့်အတူ ၎င်းတို့ ဦးဆောင်ကမကထပြုသည့် နှစ်ဦးနှစ်ဖက်စကားပြောဆိုမှုတို့နှင့် နေပြည်တော်အခြေစိုက် စစ်အစိုးရက ဦးဆောင်လုပ်ဆောင်နေသည်။ စစ်တပ်အုပ်ချုပ်ရေးကို ပိုမိုကိုယ်ချင်းစာနားလည်သော သို့မဟုတ် ရေရှည်ပဋိပက္ခ၏အကျိုးသက်ရောက်မှုကို ကြောက်ရွံ့သော အိမ်နီးချင်းနိုင်ငံများက စစ်အုပ်စုကို တရားဝင်ခွင့်ပြုမှု ပေးနေခြင်းပင်ဖြစ်သည်။ ဤသံတမန်ဆက်ဆံရေးလမ်းကြောင်းများမှတဆင့် အိမ်နီးချင်းနိုင်ငံများသည် စစ်အစိုးရအနေနှင့် ယခုဒီမိုကရေစီလှုပ်ရှားမှုအပေါ် ကျော်လွှားအောင်မြင်နိုင်စေလိုသော မျှော်လင့်ချက်ကို ထုတ်ဖော်ပြသနေကြပြီး နောက်ဆက်တွဲအားဖြင့် စစ်အုပ်စုက ဦးဆောင်သော နှစ်ဦးနှစ်ဖက်စကားပြောတွေ့ဆုံဆွေးနွေးပွဲတို့ကို အရှိန်တိုးမြှင့်၍ ၎င်းတို့အတွက် နိုင်ငံတကာက တရားဝင်အသိအမှတ်ပြုမှုကို ရရှိဖို့ရန် လုပ်ဆောင်နေကြသည်။

## သံတမန်ရေးရာ လှည့်ဖျားခြင်းများ

# FINAL COMMENTS

စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း လျော့နည်းသွားခြင်းမရှိဘဲ ပို၍ပြင်းထန်လာကာ ဆပွားတိုးများပြားလာသည်ကိုတွေ့ရသည်။ ထိုသို့သော ချိုးဖောက်မှုများကို စစ်အုပ်စုက ၎င်းတို့၏ ဖိနှိပ်မှုနည်းဗျူဟာ၊ နည်းပရိယာယ်များစွာ အပေါ် မှီခိုအားထားကာ နယ်မြေဒေသနှင့် နိုင်ငံတော်အဆင့်တွင် ၎င်းတို့အနေနှင့် ပြစ်ဒဏ်ကင်းလွတ်စွာ လုပ်ဆောင်နေသည်။ တနိုင်ငံလုံး အတိုင်းအတာဖြင့် စုပေါင်းအပြစ်ပေးဒဏ်ခတ်သည့် နည်းဗျူဟာကို အကောင်အထည်ဖော်နေစဉ် တရားလက်လွတ်ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများကို ကျူးလွန်လုပ်ဆောင်နေချိန်၌ စစ်အုပ်စုက ကျူးလွန်ခဲ့သည့် ဖိနှိပ်မှုပုံပန်းသဏ္ဍာန်တို့သည် ထင်ရှားပေါ်လွင်၍လာလေသည်။ 'ဖြတ်လေးဖြတ်' နှင့် 'မြေလှန်စနစ်' ကဲ့သို့သော နည်းဗျူဟာများဖြင့် စစ်အစိုးရသည် အရပ်သားလူထုအား ဒုက္ခဆင်းရဲအထွေထွေ ပေးနေလျက်ရှိသည်။

စစ်အုပ်စုအတွက် ယခုအရေးကိစ္စသည် အဓိကအားဖြင့် အာဏာပါဝါလုသည့် ကစားပွဲတခုသာဖြစ်သည်။ စစ်ဘက်အရာရှိများသည် ရွာများကို ဖျက်ဆီးရန် မီးရှို့ခြင်း၊ လေကြောင်းမှ တိုက်ခိုက်ခြင်းတို့ဖြင့် အမြစ်ဖြတ်ချေမှုန်းမှုစီမံချက်ကို အကောင်အထည်ဖော်ရာတွင် တရားလက်လွတ်ဖမ်းဆီးခြင်း၊ လူသတ်မှုများကျူးလွန်ခြင်းတို့ဖြင့် အရပ်သားလူထုကို ဖြိုခွဲထိန်းချုပ်ရန် ရက်စက်ကြမ်းကြုတ်စွာ ကြိုးပမ်းကာ ၎င်းတို့ကို စစ်အုပ်စုက ထိန်းချုပ်ထားသည့် နယ်မြေများနှင့် ထိန်းချုပ်မှုမရှိသောနယ်မြေများတွင် အရပ်သားလူထုကို ဓားစာခံသဘောအဖြစ် ပိတ်ပင်ချုပ်နှောင်ထားသည်။ သို့သော် တချိန်တည်းတွင် ၎င်းတို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းများနှင့် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပေးရန် ပူးပေါင်းဆောင်ရွက်နေမှု အသွင်အပြင်ကို ဖန်တီးရန် ကြိုးပမ်းကြသည်။ တချိန်တည်းတွင် ဤရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို ရှုတ်ချသည့် အဖွဲ့အစည်းများကလည်း ၎င်းတို့လုပ်ငန်းလည်ပတ်နိုင်ဖို့ရန် အနည်းဆုံးရပိုင်ခွင့်အတွက် အလဲအလှယ်အနေဖြင့် စစ်အုပ်စုကို အံကြိတ်သည်းခံ၍ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပေးနေကြသည်။

နိုင်ငံတကာ သက်ဆိုင်ရာပါဝင်ပတ်သက်သူများ၏ နှုတ်ဆိတ်နေမှု သို့မဟုတ် ကိုယ်တိုင်ပူးပေါင်းပါဝင်နေမှုများကြောင့် စစ်အုပ်စု၏ ကြောက်မက်ဖွယ်ကောင်းသော လုပ်ရပ်များကို တရားဝင်ဖြစ်လာစေခြင်းသည် စစ်အစိုးရ၏ အကြမ်းဖက်မှုခံစားရသည့် အရပ်သားလူဦးရေ၏ အရေအတွက်နှင့် ပြင်းထန်မှုကို ထပ်မံ တိုးပွားစေသည်။ စစ်အုပ်စု၏ ကန့်သတ်ချက်များကြောင့်

အရင်းအမြစ်များ ချို့တဲ့လာမှုသည် လက်ရှိဆက်လက်ဖြစ်ပွားနေသော ဒုက္ခဆင်းရဲများအတွက် ဗျူဟာတခုကို ဖန်တီးပေးနေခြင်းဖြစ်သည်။ စစ်အုပ်စုဖက်မှ သနားခြင်း သို့မဟုတ် လျော့ကြေး ပေးရန် ရည်ရွယ်ခြင်း မရှိဘဲ၊ ၎င်းတို့သည် ငြင်းလို့မရနိုင်သော လူ့အခွင့်အရေးချိုးဖောက်မှု များကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ကျူးလွန်လိုသော ဆန္ဒတရပ် အခိုင်အမာ ဆက်လက် ရှိနေသည်။

စစ်အုပ်စုသည် ၎င်းတို့၏အာဏာကို ဆက်လက်ဆုပ်ကိုင်ဖက်တွယ်ထားရန် နည်းလမ်းများကို ဆက်လက်ရှာဖွေ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကို စစ်အစိုးရ တောင်းဆိုချက်တို့နှင့်အညီ လိုက်လျောစေခြင်းဖြင့် ထိန်းကျောင်းကြိုးကိုင်နေပြီး ကြီးထွားလာ နေသော နွေဦးတော်လှန်ရေး၏ ဩဇာအာဏာကို ရင်ဆိုင်တွန်းလှန်ရန် အိမ်နီးချင်းနိုင်ငံများနှင့် သဘောတူညီချက်များ ချမှတ်နေသော်လည်း ၎င်းတို့၌ နဂိုကတည်းက မရှိဆိုသလောက် ယုံကြည်စိတ်ချမှုမှာ လျင်မြန်စွာ ကျဆင်းလျော့နည်းလာနေပြီဖြစ်သည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးချိန်ကစ၍ မြန်မာလူထုက ကျယ်ပြန့်သော ဆန့်ကျင်ဆန္ဒပြခြင်းများ၊ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် အစုလိုက်အပြုံလိုက်ပါဝင်ခြင်းများ၊ နိုင်ငံတဝှမ်း အသံတိတ်ဆန္ဒပြခြင်းများ ဆင်နွှဲခြင်းဖြင့် ဤတရားမဝင်သည့်အစိုးရအား အပြင်းအထန် ကန့်ကွက်ဆန့်ကျင်ကြောင်းကို ဖော်ထုတ်ပြသခဲ့ပြီး၊ စစ်အစိုးရ၏ အာဏာတည်မြဲအောင် စုစည်းကြိုးပမ်းမှုကြောင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။

လူထုက စစ်အာဏာရှင်အစိုးရကို ဆန့်ကျင်ပုန်ကန်နေကြပြီး ၎င်းတို့အပေါ် နှစ်ကာလကြာရှည် စွာ ဖိနှိပ်ထားမှုကို ခေါင်းငုံ့ခံရန် ငြင်းဆိုနေကြကြောင်းကို အချက်ပြလျက်ရှိသည်။ ၎င်းတို့၏ ပြတ်ပြတ်သားသား ရပ်တည်ချက်သည် စစ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်မှုများကို ဆန့်ကျင် ငြင်းပယ်ကာ "တော်သင့်ပြီ" ဟု ရှင်းလင်းပြတ်သားစွာ ဖော်ပြနေသည်။ နွေဦးတော်လှန်ရေးသည် စစ်အုပ်စု၏ နိုင်ငံသားများအပေါ် အရပ်သား၊ ရန်သူမခွဲခြားဘဲ ကျူးလွန်နေသည့် အကြမ်းဖက် မှုများအား အဆုံးသတ်ရန် ရည်ရွယ်ချက်ဖြင့် ရှေ့ဆက်ချီတက်နေ၍ တစတစ အင်အားကြီးထွား လျက်ရှိသည်။

FINAL COMMENTS

နိဂုံးချုပ်မှတ်ချက်များ

‘Airstrike Targets Insurgent Meeting in Myanmar, 16 Killed’ (Radio Free Asia) <https://www.rfa.org/english/news/myanmar/sagaing-airstrike-06102024065904.html> accessed 24 June 2024
Assistance Association for Political Prisoners (AAPP), ‘Warfare Strategy in Burma’

‘Byai Phyu: Survivors Accuse Myanmar Army of Torture and Killings’ (BBC News, 6 June 2024) <https://www.bbc.com/news/articles/ckmm6jep6l7o> accessed 24 June 2024

Chaudhuri P, ‘Burning Villages: Violence Escalates as Myanmar Military Reacts to Territorial Losses’ (bellingcat, 5 June 2024) <https://www.bellingcat.com/news/rest-of-world/2024/06/05/myanmar-military-territorial-losses-war-conflict-human-rights-burma/> accessed 17 June 2024

Coren HR Angus Watson, Anna, ‘Burnings and Beheadings: Myanmar Junta Escalates Terror Tactics against Its Own People’ (CNN, 28 March 2024) <https://www.cnn.com/2024/03/27/asia/myanmar-military-junta-civilian-attacks-intl-hnk-dst/index.html> accessed 15 July 2024

‘Daily Briefing in Relation to the Military Coup’ (Assistance Association for Political Prisoners, 12 July 2024) <https://aappb.org/?p=28685> accessed 13 July 2024

‘Ethnic Autonomy and Its Consequences in Post-Coup Myanmar | Crisis Group’ (30 May 2024) <https://www.crisisgroup.org/asia/south-east-asia/myanmar/b180-ethnic-autonomy-and-its-consequences-post-coup-myanmar> accessed 23 June 2024

Fortify Rights, ‘ICC Member States: Coordinate to Protect Witnesses with Evidence of Atrocities, Refer Myanmar to Chief Prosecutor’ (Fortify Rights, 11 July 2023) <https://www.fortifyrights.org/> accessed 12 July 2024

‘Inside Myanmar: The Devastating Cost of Fighting the Military Junta’ (BBC News, 6 June 2024) <https://www.bbc.com/news/articles/cydd87gen62o> accessed 24 June 2024

ကိုးကားစာရင်း

The Irrawaddy, ‘Analysis | As Myanmar’s Junta Loses Control, Its Coup Leader Ratchets Up His Blame Game’ (The Irrawaddy, 1 December 2023) <https://www.irrawaddy.com/opinion/analysis/as-myanmars-junta-loses-control-its-coup-leader-ratchets-up-his-blame-game.html> accessed 18 June 2024

‘Junta Watch: New Honors to Flatter Foreign Allies; Playing the Blame Game (Again); and More’ (The Irrawaddy, 23 March 2024) <https://www.irrawaddy.com/specials/junta-watch/junta-watch-new-honors-to-flatter-foreign-allies-playing-the-blame-game-again-and-more.html> accessed 24 June 2024

‘Junta Boss Blames Myanmar People’s “Destructive Mindset” for Post-Coup Chaos’ (The Irrawaddy, 11 June 2024) <https://www.irrawaddy.com/news/burma/junta-boss-blames-myanmar-peoples-destructive-mindset-for-post-coup-chaos.html> accessed 18 June 2024

‘Junta Watch: Wooing Public While Bombing Them; Steeling for Failure; and More’ (The Irrawaddy, 22 June 2024) <https://www.irrawaddy.com/specials/junta-watch/junta-watch-wooing-public-while-bombing-them-steeling-for-failure-and-more.html> accessed 24 June 2024

‘TNLA Seizes Town and Myanmar Regime Positions in Northern Shan State’ (The Irrawaddy, 26 June 2024) <https://www.irrawaddy.com/news/war-against-the-junta/tnla-seizes-town-and-myanmar-regime-positions-in-northern-shan-state.html> accessed 12 July 2024

‘Junta Troops Destroy Roads in Northern Myanmar as Renewed Fighting Looms’ (Radio Free Asia) <https://www.rfa.org/english/news/myanmar/roads-destroyed-06142024223259.html> accessed 24 June 2024

‘Myanmar: A Breakneck Speed “Disintegration of Human Rights,” Says High Commissioner’ (OHCHR) <https://www.ohchr.org/en/statements-and-speeches/2024/06/myanmar-breakneck-speed-disintegration-human-rights-says-high> accessed 20 June 2024

‘Myanmar: Deadly Air Strikes in Kachin State Appear to Fit Pattern of Unlawful Attacks’ (Amnesty International, 24 October 2022) <https://www.amnesty.org/en/latest/news/2022/10/myanmar-air-strikes-kachin-state/> accessed 15 July 2024

‘Myanmar Junta Chief Marks Armed Forces Day with Vow to Eradicate Opposition’ (Radio Free Asia) <https://www.rfa.org/english/news/myanmar/military-03272023171207.html> accessed 23 June 2024
‘Myanmar: Military Abuses Against Civilians Intensify | Human Rights Watch’ (30 January 2024) <https://www.hrw.org/news/2024/01/30/myanmar-military-abuses-against-civilians-intensify> accessed 24 June 2024

‘Myanmar: Military Should Be Investigated for War Crimes in Response to “Operation 1027”’ (Amnesty International, 21 December 2023) <https://www.amnesty.org/en/latest/news/2023/12/myanmar-military-should-be-investigated-for-war-crimes-in-response-to-operation-1027/> accessed 24 June 2024

‘Myanmar Resistance Fighters Burned Alive Stokes Outrage’ (Radio Free Asia) <https://www.rfa.org/english/news/myanmar/magway-torture-deaths-02082024183109.html> accessed 15 July 2024

‘Myanmar’s Junta Threatens to Raze Villages to Bolster Army Numbers’ (Radio Free Asia) <https://www.rfa.org/english/news/myanmar/junta-recruits-villagers-01152024035532.html> accessed 23 June 2024

‘Nyan Lynn Thit Analytica’ <https://www.nyanlynnthitanalytica.org/resources/publication/srs> accessed 15 July 2024

Oo K, ‘Analysis | Echoes of 2017 Genocide as Myanmar Junta Imposes “Four Cuts” on Rakhine’ (The Irrawaddy, 23 November 2023) <https://www.irrawaddy.com/opinion/analysis/echoes-of-2017-genocide-as-myanmar-junta-imposes-four-cuts-on-rakhine.html> accessed 18 June 2024
Quadrini NAM Maggi, ‘Return of the “Four Cuts” in Myanmar’s Mon State’ (Asia Times, 5 December 2023) <http://asiatimes.com/2023/12/return-of-the-four-cuts-in-myanmars-mon-state/> accessed 18 June 2024

‘The United Nations Standard Minimum Rules for the Treatment of Prisoners’

Thit N, ‘Scores of Myanmar Junta Bases Fall to Ethnic Alliance in Two Weeks’ (The Irrawaddy, 12 July 2024) <https://www.irrawaddy.com/news/war-against-the-junta/scores-of-myanmar-junta-bases-fall-to-ethnic-alliance-in-two-weeks.html> accessed 12 July 2024

United Nations, ‘Report of the UN High Commissioner for Human Rights to the 56th Session of the Human Rights Council on the Situation of Human Rights of Rohingya Muslims and Other Minorities in Myanmar (A/HRC/56/23)’ <https://www.un-ilibrary.org/content/books/9789210573863> accessed 15 July 2024

Wei B, ‘Dozens of Civilians Killed as Myanmar Junta Jet Bombs Wedding in Sagaing’ (The Irrawaddy, 3 June 2024) <https://www.irrawaddy.com/news/burma/dozens-of-civilians-killed-as-myanmar-junta-jet-bombs-wedding-in-sagaing.html> accessed 18 June 2024





